# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၁ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့အဖြစ် ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၀

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက် ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲ ဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များက

စာမျက်နှာ ၃ ကော်လံ ၁ ◆




ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အ.ထ.က(၁) စာစစ်ဌာနတွင် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို အေးချမ်းစွာ ဖြေဆိုပြီးနောက် ပြန်လည်ထွက်လာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-စန္ဒာမိုး

# (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်၌ ကျင်းပမည်

နေပြည်တော် မတ် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး၍ ၂၀၂၃ ခုနှစ် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှထွက်ရှိသည့် ပုလဲအတွဲ (၂၉၅)တွဲ၊ ကျောက်မျက်အတွဲ (၁၂၀)နှင့် ကျောက်စိမ်းအတွဲ (၂၁၅၀)ကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များနှင့် လိုင်စင်ရယူ၍ ကျောက်မျက်အချောထည် ထုတ်လုပ်ခြင်း၊

စာမျက်နှာ ၃ ကော်လံ ၅ ❖

ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို လေ့လာကြည့်ရှုနေကြစဉ်။


ယနေ့ ဖတ် စ ရာ

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်
ပြည်တွင်းသတင်း စာ ၃

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များ
ဆောင်းပါး စာ ၁၆

ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် Hadong ကမ္ဘာ့လက်ဖက်ပြပွဲသို့ မြန်မာနိုင်ငံ လုပ်ငန်းရှင်များပါဝင်ပြသနိုင်
ကုန်သွယ်စီးပွား စာ ၁၈

# ပြည်တွင်းစီးပွား တိုးတက်မြင့်မားရေး ပြည်တွင်းဖြစ် ထုတ်ကုန်များကိုအားပေး

မြန်မာ့စီးပွားရေး၏ အဓိကမောင်းနှင်အားမှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များပင်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စက်မှုဇုန်ပေါင်း ၆၀ ခန့်ရှိသည့်အနက် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တွင် စက်မှုဇုန် ၂၉ ဇုန်ရှိသည်။ မြန်မာနိုင်ငံတွင် စက်မှုဇုန်များ တည်ထောင်လုပ်ကိုင်လာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အားကောင်းမောင်းသန်ဖြစ်လာစေရန်အတွက်မူ များစွာကြိုးပမ်းရဦးမည့်အခြေအနေဖြစ်သည်။

လွန်ခဲ့သည့် ငါးနှစ်ကျော်ခန့်က ကောက်ယူခဲ့သည့် စစ်တမ်းတစ်ရပ်အရ မြန်မာ့MSME များ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ချက်များမှာ ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်လုပ်သား၊ နည်းပညာပိုင်းဆိုင်ရာ၊ ကုန်ကြမ်း၊ သယ်ယူပို့ဆောင်မှု၊ စွမ်းအင်နှင့် ဝယ်လိုအားတို့ဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိနေရာ ကဏ္ဍအလိုက် ခွဲခြားပါက ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၃၉ ရာခိုင်နှုန်း၊ ကုန်သွယ်ရောင်းဝယ်မှုကဏ္ဍတွင် ၂၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၁၆ ရာခိုင်နှုန်း ရှိနေသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍကို ကျန်ကဏ္ဍနှစ်ရပ်က အမှီသဟဲပြုနေသည့်အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လိုသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းထုတ်ကုန်များကို ဝယ်လိုအားမြင့်မားရန်၊ ဈေးကွက်ရရှိရန် လိုအပ်သည်။

ပြည်တွင်းထုတ်ကုန်များ ဝယ်လိုအားမြင့်မားရန် ဈေးကွက်ရရှိနိုင်ရန်မှာ စားသုံးသူများက ပြည်တွင်းမှ ထုတ်လုပ်သည့် လူသုံးအိမ်သုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ အဖျော်ယမကာများကိုသာ ဝယ်ယူသုံးစွဲအားပေးကြရန်နှင့် လုပ်ငန်းရှင်များကလည်း မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှု၊ စားသုံးသူများအကြိုက်ဆွဲဆောင်နိုင်မှု၊ ဝန်ဆောင်မှုကောင်းမွန်မှု၊ ဈေးကွက်ဆိုင်ရာ သုတေသန စဉ်ဆက်မပြတ် ပြုလုပ်မှုတို့ဖြင့် မိမိတို့နှင့် အလားတူ ပြည်ပမှ သွင်းကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အားထုတ်ကြရမည်ဖြစ်သည်။ ပြည်တွင်းရှိ MSME လုပ်ငန်းများမှ စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ စာအုပ်နှင့် စာရေးကိရိယာ၊ လယ်ယာသုံး၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ စက်နှင့် စက်ကိရိယာများ စသည်တို့အပါအဝင် ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိရာ ထုတ်ကုန်များ ဈေးကွက်ရရှိသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ကာ ပြည်တွင်းစီးပွား ပိုမိုတိုးမြင့်လာစေမည်ဖြစ်သည်။

ပြည်တွင်းဖြစ်ကို အားပေးခြင်းသည် ပြည်တွင်းရှိ MSME များကို အားပေးခြင်းဖြစ်ပြီး တစ်ဆက်တစ်စပ်တည်းအနေဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း များပြားလာခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်ခြင်း၊ ပြည်တွင်းစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း စသည့်အကျိုးရလဒ်များကိုပါ ဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်း ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ဟိုပန်ခရိုင်အတွင်းရှိ ရဋ္ဌပါလမဟာဗောဓိ ကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။(ဝဲပုံ)

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ရတနာသိဒ္ဓိ ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်း ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိ ဗုဒ္ဓဂါယာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေ ကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ အောင်ဇေယျာမင်း ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ် ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ရိပ်သာ(မြောက်) ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြေယာရာမရွှေဂူ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မစိုးရိမ်ရွှေကျင် ကျောင်းတိုက် (ရှစ်မိုင်)၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်အပ်နံ့ ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၂၃
၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းခဲ့သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်(၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ရှေ့ဖုံးမှ
ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲများ ကြည့်ရှုစစ်ဆေးခြင်းကို မတ် ၁၇ ရက်နှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၁၈ ရက်မှ ၁၉ ရက် အထိလည်းကောင်း၊ ကျောက်မျက်အတွဲများ ကြည့်ရှုစစ်ဆေးခြင်းကို မတ် ၁၇ မှ ၁၉ ရက်နှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၂၀ တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေးခြင်းကို မတ်၁၇ ရက်မှ ၂၀ ရက်နှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၂၁ ရက်မှ ၂၃ ရက် အထိလည်း ကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်သွယ်စုံစမ်းနိုင်**

၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက် မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းရုံးချုပ် (နေပြည်တော်) တို့ တွင် ဆက်သွယ်စုံစမ်း နိုင်ကြောင်း သိရသည်။

**အောင်မင်းဟန်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ သောကြာနေ့ စကားဝိုင်းကျင်းပ
# ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ပိုမိုသိရှိနားလည်လာမည်





**နေပြည်တော် မတ် ၁၀**

ဝန်ထမ်းများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၆) ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က အသိပညာပေးမျှဝေမှု စကားဝိုင်းမှ တစ်ဆင့် ဌာနရှိဝန်ထမ်းများသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ပိုမိုသိရှိနားလည်လာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကမ္ဘာ့စီးပွားရေးနှင့် ဒေသတွင်းစီးပွားရေးတို့နှင့်ဆက်စပ်လျက်ရှိသည့် နိုင်ငံတကာ ကုန်သွယ်မှုအခြေအနေများ၊ အာဆီယံနှင့်ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာပုံ အဆင့်ဆင့် သမိုင်းကြောင်းများနှင့် ကမ္ဘာ့ကုန်သွယ်မှုမူဝါဒများ၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသများ ပေါ်ပေါက်လာခြင်းအပြင် လွတ်လပ်သော ကုန်သွယ်မှုဝါဒနှင့် ကုန်သွယ်မှုဒေသများ တိုးတက်ပြောင်းလဲလာမှု၊ ပြည်ပမှနိုင်ငံခြားငွေများ မိမိနိုင်ငံတွင်းသို့ စီးဝင်လာနိုင်မည့် ကုန်သွယ်ရေးတွင် အသာစီးရရှိနိုင်သည့် အခြေအနေများကို သိရှိနားလည်နိုင်လာမည် ဖြစ်ကြောင်းနှင့် အဆိုပါ အသိအမြင်များဖြင့် မိမိတို့ လုပ်ငန်းခွင်နယ်ပယ်တွင် သုံးတတ်လျှင် သုံးတတ်သလို အကျိုးပြုနိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ ဆွေးနွေးပွဲစကားဝိုင်းများ ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်သဇင်က အာဆီယံစီးပွားရေး ပေါင်းစည်းမှု အဆင့်များ၊ “အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုဒေသများ” (ASEAN-Free Trade Area-AFTA)၊ လွတ်လပ်သောကုန်သွယ်မှု ဒေသများတွင် ပါဝင်သည့် Traditional Areas များနှင့် New and Emerging issue များနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသများ၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း / အမှုထမ်းများ Online အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၀၀ ကျော် တက်ရောက်ကြသည်။

**သတင်းစဉ်**

◆ရှေ့ဖုံးမှ
စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၈ ခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၇၉၈၄၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၃၃ ဦး ရှိကာ ဖြေဆိုသူ ရာခိုင်နှုန်း ၈၉ ဒသမ ၈၇ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့၌ ကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးဆိုင်ရာ သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် မတ် ၁၀**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ထိခိုက်မှုလျော့နည်းစေရန်နှင့် သဘာဝဘေးနှင့်ပတ်သက်သော ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့တော်ခန်းမတွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းကို ယနေ့နံနက် ၉ နာရီက ကျင်းပဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သွဲ့သွဲ့လင်းက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက အရေးပေါ်ရာဖွေကယ်ဆယ်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မြေငလျင်ဘေးသိမှတ်ဖွယ်ရာများ မြစ်ရေကြီးမှုဘေးနှင့် ပြင်ဦးလွင်မြို့၏ ရာသီဥတုဆိုင်ရာ သုံးသပ်ချက်များအား အသီးသီးဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းတွင် ပြင်ဦးလွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၈ ဦး ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်း

ရန်ကုန် မတ် ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။**




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်သူများနှင့် လူငယ်များ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရန်၊ စာပေလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာ၊ ဗဟုသုတ တိုးပွားလာစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်ပြီး ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေရန်နှင့် နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ခရိုင်၊ မြို့နယ်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ဖွင့်လှစ်၍ စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်း လုပ်ငန်းကို ဌာနစတင်ဖွဲ့စည်းစဉ်ကတည်းက အဓိကအလုပ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

## စာဖတ်ရှိန်မြှင့်တင်

ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများကို သမားရိုးကျစနစ်ဖြင့် စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးဆွဲခြင်း၊ စာအုပ်များငှားရမ်းခြင်း လုပ်ငန်းများကို ပြောင်းလဲတိုးတက်လာသည့် Digital Libraryစနစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပြီး မြို့နယ်ရုံး ၁၀၂ ရုံးတွင် Digital Library Management System အသုံးပြု၍ စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ပါကြောင်း၊ ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းနှင့်အတူ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်များဖြင့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများသို့ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိပါကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် စာကြည့်တိုက်ဥပဒေများ ရေးဆွဲပြီး ရပ်ကွက်နှင့် ကျေးရွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းက ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် ပရိဘောဂများ ထောက်ပံ့ လှူဒါန်းခဲ့ပါကြောင်း။

## စာကြည့်တိုက်များ ဆောက်လုပ်ပေး

မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ငွေကျပ် ၄၆၀၃ သိန်း အကုန်အကျခံ၍ စာကြည့်တိုက် ၃၄၃ တိုက်ကို အဆောက်အအုံသစ် ဆောက်လုပ်ပေးနိုင်ခဲ့ပြီး စာကြည့်တိုက် ၂၂၅ တိုက်အတွက် ပရိဘောဂများ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရပါကြောင်း၊ လူတိုင်းစာဖတ်ခြင်းဖြင့် မိမိဘဝ၊ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံကိုပါ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစား ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေ က လက်ခံရယူသည်။ **(ယာပုံ)** ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန် အနောက်ပိုင်းခရိုင်၊ ရန်ကုန် တောင်ပိုင်းခရိုင်နှင့် ရန်ကုန် မြောက်ပိုင်းခရိုင်တို့ရှိ ရပ်ကွက်ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ စာကြည့်တိုက်မှူးများက လက်ခံရယူကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကိုယ်တိုင် ရေးသားပြုစုထုတ်ဝေခဲ့သော ရင်ထဲကအဖေနှင့် ပတ်သက်သည့် စာစုများ စာအုပ် ၂၀၀ နှင့် စိုက်/ မွေး/ ဆည် စာစုများစာအုပ် ၂၀၀ စုစုပေါင်း ၄၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် စိတ်အဟာရစာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်အေးအေးစိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ လှူဒါန်းသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။**

တွေ့ဆုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပနိုင်ရေးအတွက် အစည်းအဝေး လေးကြိမ်ဆွေးနွေးခဲ့ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် အတည်ပြုချက်များရယူသွားမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ခြင်းထက် မြန်မာ့ ရုပ်ရှင်လောကကြီး စင်မြင့်ပေါ် ပြန်လည်ရောက်ရှိရန် အရေးကြီးပါကြောင်း၊ ရုပ်ရှင်လောကကြီး ပြန်လည်အသက်ဝင်လှုပ်ရှားရန် အချိန်အခါရောက်ပြီဖြစ်ပါကြောင်း၊ အကယ်ဒမီဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက်မဟုတ်ဘဲ ရုပ်ရှင်၊ သဘင်၊ ဂီတလောကသားများ ပြန်လည် သက်ဝင်လှုပ်ရှားလာမည့် ပွဲဖြစ်သည့်အတွက် တက်ရောက်လာသူ အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

## အကြံပြုဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် နာယကများ၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အနုပညာရှင်များက မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် ပြသနေသည့် The Teacher ရုပ်ရှင်ဇာတ်ကားပြသနေမှုကိုသွားရောက်ကြည့်ရှု အားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)အဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို) အမှုဆောင် အဖွဲ့သစ်ဖွဲ့စည်းနိုင်ရန်နှင့် ဂီတလောက ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရန် ဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ တာဝန်ယူ ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် တစ်နှစ်ခွဲခန့်ကာလအတွင်း ဂီတလောကသားများ အတွက် သက်သာချောင်ချိရေး ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးမှုအပြင် အခက်အခဲများမရှိစေရေး ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးမှု၊ နိုင်ငံတော်အဆင့် အခမ်းအနားနှင့် ဖျော်ဖြေပွဲများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုအခါ ဂီတလောကသားများအားလုံး ပါဝင်လာစေလိုပြီး လုပ်ငန်းဆောင်တာများကို ပုံမှန်အခြေအနေ ဖြစ်အောင် ရဲရဲဝံ့ဝံ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်းနှင့်အတူ အမှုဆောင်အသစ်များ ပေါ်ပေါက်လာစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်လျာထား ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများက "ဂီတစွမ်းအားပြည်ထွန်းကား" ဆောင်ပုဒ်နှင့်အညီ ဂီတလောကဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးတင်ပြကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတင်းစဉ်

# (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်ရေတင်စနစ်ဖြင့် ရှားစေးဖိုကျေးရွာ နွေသီးနှံစိုက်ကွင်းများ ရေစတင်ပေးဝေ



**နေပြည်တော် မတ် ၁၀**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆင်သေချောင်းရေကို လျှပ်စစ်ရေတင်စနစ်အသုံးပြု၍ ရှားစေးဖိုကျေးရွာရှိ နွေသီးနှံစိုက်ကွင်းများ ရေစတင် ပေးဝေခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရေအသုံးချသူများအဖွဲ့(WUG) အဖွဲ့ဝင် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

**တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေဆီသြဇာကောင်းမွန်ရေး၊ ရေရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ပြီး ခေတ်မီစိုက်ပျိုးနည်းပညာများ အသုံးချနိုင်ရေးတို့ကို ကဏ္ဍစုံမှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် နေရောင်ခြည်ဆိုလာသုံး ရေတင်စနစ်ဖြင့် ရေတင်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ပြီး တောင်သူဝင်ငွေ သုံးဆရရှိရေးနှင့် တစ်ကေချင်း၏ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးကို မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ ဆင်သေချောင်းနှင့် ပလွေးချောင်းတစ်လျှောက်၌ ချောင်းပိတ်လုပ်ငန်းနှင့် ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသော ချောင်းပိတ်လုပ်ငန်းနှင့် ရေတင်လုပ်ငန်းများမှ စိုက်ပျိုးမြေ ဧက ၁၈၀၀ ကျော်ကို အကျိုးပြုလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများမှ စိုက်ပျိုးမြေ ဧက ၈၆၀၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိကြောင်း၊ ယခုကျင်းပသည့် ရှားစေးဖို ဆိုလာရေတင်စက်ဖြင့် ရေဆင်းဆည်ရေသောက် မိုင်နာအမှတ်(၅)မြောင်းသို့ သွင်းယူပြီး နွေသီးနှံ ၁၆၆ ဧကကို အကျိုးပြုမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် တွက်ခြေကိုက် အကျိုးရှိမည့် သီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုး၍ မိမိတို့ စီးပွားဖြစ်ထွန်းအောင် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

**ကူညီပံ့ပိုးပေးသွားမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တောင်သူများအနေဖြင့် သွင်းအားစု အရင်းအနှီး ခိုင်မာစွာဖြင့် ဈေးကွက်သေချာမှုရှိသော စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေးအတွက် လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို အားပေးလိုကြောင်း၊ အလားတူ မျိုးဖြန့်ဖြူးရေးနည်းပညာ ပြန့်ပွားရေး၊ အရင်းအနှီး မတည်ငွေရရှိရေးလုပ်ငန်းများ ချိတ်ဆက်ရန် လွယ်ကူစေမည့် လယ်ယာကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်သည့် နည်းလမ်းကိုလည်း လုပ်ဆောင်ကြစေလိုကြောင်း၊ စိတ်ဆန္ဒတူရာတောင်သူများ စုပေါင်း၍ သမဝါယမအသင်း ဖွဲ့စည်းလုပ်ကိုင်လိုပါက မိမိတို့ဝန်ကြီးဌာနက လိုအပ်ချက်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လူနေမှုအဆင့်အတန်း မြင့်မားရေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အရေးပါသည့် ရေရရှိရေးလုပ်ငန်းများကို ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဆောင်ရွက်ပေးနေမှုအပေါ် ဒေသနေတောင်သူများအနေဖြင့် အခွင့်အရေးကောင်းအဖြစ် မှတ်ယူပြီး မိမိတို့နှင့် အဆင်ပြေမည့် သီးနှံပုံစံကို အသုံးပြု၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ မိမိတို့၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆင်သေချောင်းမှ လျှပ်စစ်ရေတင်စနစ်ဖြင့် ရေစတင်ပေးဝေခြင်း အခမ်းအနား ဆက်လက်ကျင်းပရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တောင်သူကိုယ်စားလှယ်တို့က အထိမ်းအမှတ်မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်တို့က ရေတင်စက် အမှတ် (၁) နှင့် အမှတ် (၂) တို့ကို စက်ခလုတ်နှိပ်၍ ရေစတင်ပေးဝေကြရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆင်သေချောင်းမှ လျှပ်စစ်ရေတင်စနစ်ဖြင့် ရေပေးဝေမှု (ဝဲပုံ)နှင့် တောင်သူများ၏ စိုက်ကွင်းများအတွင်း နွေသီးနှံစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကျင်းပ

## အလုပ်အကိုင် ၃၅ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၁၈၆၁ ဦးကို အသိအမှတ်ပြုပေးနိုင်ခဲ့ပြီး ၁၈၁၇၀ ကို ကျွမ်းကျင်မှုအဆင့်အလိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးဖြစ်




**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း သုဝဏ္ဏခန်းမ၌ ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က NSSA အနေဖြင့် ၂၀၁၄ ခုနှစ်ကစတင်ပြီး အလုပ်အကိုင်အလိုက် ကျွမ်းကျင်လုပ်သားများကို စစ်ဆေးအကဲဖြတ်၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်ထိ အလုပ်အကိုင် ၃၅ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၁၈၆၁ ဦးကို အသိအမှတ်ပြုပေးနိုင်ခဲ့ပြီး ၁၈၁၇၀ ကို ကျွမ်းကျင်မှုအဆင့်အလိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လျာထားလုပ်သား ၅၀၀၀ အနက် လက်ရှိအချိန်ထိ ၄၇၀၂ဦးကို အသိအမှတ်ပြုပေးနိုင်ခဲ့ပြီး ၆၅၀ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် အလုပ်အကိုင် ၁၀ မျိုးအတွက် သတ်မှတ်အဆင့်မီသူ ကျွမ်းကျင်မှုအဆင့်-၁ (၆၇၃) ဦးနှင့် ကျွမ်းကျင်မှုအဆင့်-၂ (၂၈) ဦး အပါအဝင် အောင်မြင်လုပ်သား ၇၀၁ ဦး၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၁၂ ခုနှင့်၊ Assessor ၃၈ ဦးတို့ကို အသိအမှတ်ပြု လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း။

ကျွမ်းကျင်မှုအသိအမှတ်ပြုခံရသည့် လုပ်သားများအနေဖြင့် အခြေခံ ကျွမ်းကျင်လုပ်သားအဆင့်မှ ကျွမ်းကျင်လုပ်သား၊ ဘက်စုံကျွမ်းကျင် လုပ်သား၊ ကြီးကြပ်သူ နည်းပညာရှင် (ကျွမ်းကျင်မှုအဆင့်-၄) အထိ အသိအမှတ်ပြုခံရရေး အလေးထား ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ အလုပ်သမားရေးရာ ဌာနများမှ တာဝန်ရှိသူများ၊ စက်မှုဇုန် တာဝန်ခံများနှင့်အတူ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အာရှနဂါးနှင့် မြန်မာဟာဟေး အထည်ချုပ်စက်ရုံသို့သွားရောက်၍ စက်ရုံ၊ အလုပ်ရုံများ၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ အရည်အသွေးမြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ကို စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများက လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာစက်မှုဇုန်သို့ ရောက်ရှိချိန် ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး လမ်းညွှန်မှာကြားချက်နှင့်အညီ အလေးထား လိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်မှုသည် အဓိကကျပြီး အရည်အသွေးမီ ထုတ်ကုန်များ အချိန်မီ ထုတ်လုပ်နိုင်ရေး ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ပေးရန် လိုကြောင်း၊ စက်ရုံအတွင်းရှိ သတ်မှတ်အဆင့်မီသူများကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေး အားပေးဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ရောဂါ ရရှိခံစားမှု လျော့နည်းကျဆင်းစေရေး ဦးစီးဌာနများ၏ ညွှန်ကြားချက်များ၊ စစ်ဆေးရေးအရာရှိများ၏ အကြံပြုချက်များကို ကောင်းစွာ သိရှိလိုက်နာ ဆောင်ရွက်ရန် လိုကြောင်း မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် စီးပွားရေးသံမှူးများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မတ် ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ပြည်ပနိုင်ငံများသို့ သွားရောက်တာဝန် ထမ်းဆောင်ကြမည့် စီးပွားရေးသံမှူးများကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံပြီး အမှာစကားပြောကြားသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံမှ ထွက်ရှိသည့် အဓိကပို့ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရေး၊ သက်ဆိုင်ရာ နိုင်ငံများရှိ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ရေးနှင့် ပြည်ပနိုင်ငံများ၏ ဈေးကွက်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး စီးပွားရေးသံမှူးများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်မြင့်မားရေးအတွက် မိမိတို့၏ ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စီးပွားရေးသံမှူးများ တက်ရောက်ကြသည်။

**သတင်းစဉ်**





# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေးသည် ကော်မရှင်၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ကော်မရှင်၏ ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ဆောင်ရွက်ချက်များအပေါ် အမြဲမပြတ် ကြည့်ရှုထိန်းကျောင်း တည့်မတ်ပေးရန်လိုကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ် (၃)ရပ်နှင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိရာ အဂတိလိုက်စားမှု မဖြစ်ပေါ်မီကပင် အသိပညာပေးရေးနှင့် ကြိုတင်တားဆီးကာကွယ်ရေးကို အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် နည်းလမ်းများစွာဖြင့် အသိပညာပေးဆောင်ရွက်သင့်ပါကြောင်း၊ အဓိကပြောကြားလိုသည်မှာ နောင်မျိုးဆက်သစ်ကျောင်းသား လူငယ်လူရွယ်များကို ငယ်စဉ်ကတည်းကပင် ဗုဒ္ဓဘာသာဝင်တို့၏ အစဉ်အလာအတိုင်း ငါးပါးသီလ မြဲမြဲအောင်နှင့် ပြည်သူ့နီတိဆိုင်ရာ ကျင့်ဝတ်များကို သက်ဆိုင်ရာဌာနများ၏ ကူညီပံ့ပိုးမှုဖြင့် ထိရောက် ကျယ်ပြန့်စွာဖြင့် ကြိုးစားဆောင်ရွက်ပေးကြရန် လိုကြောင်း၊ တစ်ချိန်တည်းတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုများအကြား အဂတိလိုက်စားမှု ပပျောက်ရေးလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကံစမ်းမဲဆုကြီးများ မဲဖောက်ချီးမြှင့်ခြင်း၊ ဝန်ထမ်း တစ်ဦးချင်းအတွက် Track Suit အင်္ကျီများ လက်ဆောင်ပေးခြင်း၊ အဆိုအကများဖြင့် ဖျော်ဖြေခြင်းအပြင် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် နေ့လယ်စာ ကျွေးမွေးခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိုင်ရမ်း-ထီးထားပလို-ကော့သလို-တလံ-ရေအေးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ဘားအံ မတ် ၁၀**

(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ပိုင်ရမ်း-ထီးထားပလို-ကော့သလို-တလံ-ရေအေးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၁၀ ရက်က အဆိုပါလမ်း မုခ်ဦးတည်နေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်နယ် ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သည့် လမ်းသည် ကရင်ပြည်နယ်၏ အဓိကလမ်းမကြီးများ၊ ပြည်နယ်ချင်းဆက်လမ်းမကြီးများဖြစ်သည့် သထုံ-ဘားအံ - အိန္ဒူ - ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီး၊ ဘားအံ-အိန္ဒူ - ဇာသပြင်လမ်းနှင့် ဘားအံ-ဇာသပြင်အဖြောင့်လမ်းတို့အား အဓိကဆက်သွယ်ပေးထားသည့် လမ်းတစ်လမ်းဖြစ်သည့်အပြင် မဟာဆဒ္ဒန်လိုဏ်ဂူတော်သို့ ဒေသခံပြည်သူများ၊ ရပ်နီး/ရပ်ဝေးဘုရားဖူးခရီးသွားဧည့်သည်များ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေကာ ပြည်နယ်၏ ခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိစေမည်ဖြစ်ပြီး ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပိုင်ရမ်း-ထီးထားပလို-ကော့သလို - တလံ - ရေအေးလမ်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့် မြဝတီမြို့မှ ဒေါ်နန်းမြင့်မြင့်ဝင်းအား ဂုဏ်ပြုကြိုဆို

**မြဝတီ မတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် မြဝတီမြို့မှ ဒေါ်နန်းမြင့်မြင့်ဝင်းသည် မတ် ၇ ရက်တွင် နေပြည်တော်မှ မြဝတီမြို့သို့ပြန်လည်ရောက်ရှိလာရာ မြို့ခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြသည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြသုခ (၂၇၅) တပ်ဦးကျောင်း ဦးစီးပဓာန နာယကဆရာတော် ဦးဆောင်သော တပည့်ဒါယကာများ၊ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့များ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းမှ အဖွဲ့များ၊ ပြည်သူများက မြဝတီမြို့အဝင် အာရှလမ်းမကြီး မှ သွားရောက်ကြိုဆိုခြင်းဖြစ်သည်။

အဆိုပါ သီရိသုဓမ္မသိင်္ဂီ (အမျိုးသမီးသာသနာနုဂ္ဂဟ ပထမအဆင့်) ဘွဲ့တံဆိပ်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည့်အတွက် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၀**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ လေးထပ်ပြင်(ပြည်မြို့နယ်)၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့နှင့် မြဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရှမ်းပြည်နယ် ညောင်ရွှေမြို့နှင့် ကလောမြို့ရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၀**

ခရီးစဉ်ဒေသအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် မတ် ၇ ရက် မွန်းလွဲပိုင်းက ညောင်ရွှေမြို့ရှိ ဟိုတယ်များမှ ဟိုတယ်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအား ရွှေနန်းတော်ဟိုတယ်(အင်းလေး) ၌ တွေ့ဆုံသည်။




တွေ့ဆုံစဉ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ညောင်ရွှေမြို့ရှိ ခရီးစဉ်ဒေသများ၏ အခြေအနေ၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအခြေအနေနှင့် အင်းလေးဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ လက်ရှိတွင် တစ်စထက်တစ်စ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာနေသော်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိကြောင်း၊ အင်းလေးဒေသသည် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် အခြေခံအရင်းအမြစ်ကောင်းများရှိသည့် ဒေသဖြစ်သည့်အပြင် ဒေသခံများ၏ လူနေမှုဓလေ့ထုံးတမ်းအစဉ်အလာများသည် ပြည်တွင်းပြည်ပခရီးသွားများကို စိတ်ဝင်စားမှုရှိစေသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် နိုင်ငံ၏အကျိုးစီးပွား၊ ဒေသ၏အကျိုးစီးပွား၊ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားနှင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို အောင်မြင်ဖြစ်ထွန်းအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့် ကျန်းမာရေးအသိအမှတ်ပြုလက်မှတ်ရရှိသည့် ဟိုတယ် ကိုးလုံးကို အသိအမှတ်ပြုလက်မှတ်များပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန် သန့်ရှင်းသာယာလှပစေရေးနှင့် ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်ရေးတို့အတွက် ဒိုက်၊ ဇေဒါနှင့်အမှိုက်များ ရှင်းလင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် ညောင်ရွှေမြို့ရှိ သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများကို Kalaw Heritage Hotel ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ပြည်ပခရီးသွားဧည့်သည်များပါ ပိုမိုဝင်ရောက်လာစေရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကလောဒေသ၏ ကောင်းမွန်သည့် ရာသီဥတုအခြေအနေ၊ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်အလှအပများကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုများပြားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ခရီးသွားဧည့်သည်များကို ပြည့်ဝစွာ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဒေသ၏အကျိုးစီးပွား၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့်ကျန်းမာရေး အသိအမှတ်ပြုလက်မှတ် ရရှိသည့် ကလောမြို့ရှိ ဟိုတယ် သုံးလုံးကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာမွေးဖွား

**ရန်ကုန် မတ် ၁၀**

အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ယနေ့ နံနက်ပိုင်းတွင် မိခင် ဒေါ်ဇင်သိမ့်သိမ့်အေးက သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာမွေးဖွားခဲ့ကြောင်း သိရသည်။

ရွှေပြည်သာနေ ဦးဇာနည်မြင့်အောင်၏ ဇနီး ဒေါ်ဇင်သိမ့်သိမ့်အေး အသက် (၃၀) နှစ်သည် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ၎င်း၏တတိယကိုယ်ဝန်အား မီးမဖွားမီ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူခဲ့ပြီး ဆေးရုံကြီး၏ သားဖွားမီးယပ်ဌာနမှ စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကာ ယနေ့ နံနက် ၁၀ နာရီ ၃၃ မိနစ်တွင် ကိုယ်ဝန်အား အောင်မြင်စွာ ခွဲစိတ်၍ သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာ မွေးဖွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သုံးမြွှာပူးကလေးငယ်များမှာ မိန်းကလေးများဖြစ်ကြပြီး မွေးကင်းစ ပေါင်ချိန် ၃ ပေါင် ၁၄ အောင်စစီရှိကြ၍ မိခင်ရောကလေးပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

*(ယမန်နေ့မှအဆက်)*

၂၉။ သက်ဆိုင်ရာလေကြောင်းလိုင်းပိုင်ရှင်များ၊ လေဆိပ်နှင့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အော်ပရေတာများ၊ လေဆိပ်အာဏာပိုင်များနှင့် လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချမှတ်ထားသော မြို့ပြလေကြောင်းနှင့် လေဆိပ်များလုံခြုံရေးဆိုင်ရာ အစီအစဉ်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည် -

(က) လေဆိပ်နှင့် လေဆိပ်ပတ်ဝန်းကျင်တွင် ကန့်သတ်နယ်မြေများ သတ်မှတ်၍ အထူးလုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) လေဆိပ်ကန့်သတ်နယ်မြေအတွင်း ဝင်ခွင့်ထွက်ခွင့် ကတ်ပြားစနစ်နှင့် လေဆိပ်သို့ ဝင်ထွက်သည့် ဧည့်ကတ်ပြားစနစ်ထားရှိခြင်း၊

(ဂ) လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို ၂၄ နာရီပတ်လုံး စနစ်တကျအလှည့်ကျဂရုစိုက်၍ ဆောင်ရွက်စေခြင်း၊

(ဃ) လေဆိပ်နှင့် လေကြောင်းဝန်ဆောင်မှုပေးသူများအား လုံခြုံရေးကတ်ပြားစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊

(င) လေဆိပ်ပရိဝုဏ်အတွင်း လုံခြုံရေးကင်မရာများတပ်ဆင်၍ ကြီးကြပ်ထိန်းချုပ်ခြင်း၊

(စ) လေကြောင်းဖြင့် သယ်ယူပို့ဆောင်မည့် အောက်ဖော်ပြပါ လူနှင့်ကုန်စည်များကို စစ်ဆေးရှာဖွေရေးကိရိယာများဖြင့် စစ်ဆေးရှာဖွေခြင်း -

(၁) လေယာဉ်ပေါ်တက်ခွင့်လက်မှတ်နှင့်အတူ ခရီးသည်များ၊

(၂) စိစစ်ရေးကတ်ပြားနှင့်အတူ လေယာဉ်ဝန်ထမ်းများ၊

(၃) ခရီးသည်နှင့်အတူပါသော ဝန်စည်စလယ်နှင့် လက်ဆွဲအိတ်များ၊

(၄) ခရီးသည်နှင့်အတူမပါသော ပစ္စည်းများ၊ ချောထုပ်များ။

(ဆ) လေယာဉ်တင် အစားအသောက်များကို အသိအမှတ်ပြုအော်ပရေတာ၏ လုံခြုံရေးအစီအစဉ်ဖြင့် ဆောင်ရွက်စေခြင်း၊

(ဇ) လေယာဉ်တင် ကုန်စည်၊ ဝန်ဆောင်မှုပစ္စည်း၊ အထူးပါဆယ်နှင့် ချောစာများကို အသိအမှတ်ပြုကုန်စည်ပို့ဆောင်သူက တာဝန်ယူ၍ တင်ပို့စေခြင်း၊

(ဈ) လေဆိပ်နှင့် လေကြောင်းလုံခြုံရေး အရာရှိများ၊ စစ်ဆေးရှာဖွေရေး အရာရှိများကို ကျွမ်းကျင်မှု လေ့ကျင့်သင်တန်းများပေးပြီးမှ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ထိုအရာရှိများက လုံခြုံရေးဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီတောင်းခံ၍ ဆောင်ရွက်ခြင်း၊

(ည) စစ်ဆေးရှာဖွေခြင်းကို ငြင်းဆန်သူအား လေဆိပ်အတွင်း ဝင်ရောက်ခြင်းကိုတားမြစ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲဝင်ရောက်သူအား ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် ငြင်းပယ်ခံရသူက အတင်းအကျပ်ဝင်ရောက်ရန် ကြိုးစားပါက လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ခြင်း၊

(ဋ) တားမြစ်ကန့်သတ်ထားသော ပစ္စည်းများစစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ အကြောင်းကြားပြီး ထိုပစ္စည်းများကို အပ်နှံခြင်း၊

(ဌ) တရားဝင်ကိုင်ဆောင်ခွင့်ရှိသည့် လက်နက်၊ ခဲယမ်းများကို ခရီးသည်နှင့်အတူ သယ်ဆောင်ခွင့်မပြုဘဲ လေယာဉ်ဝန်ထမ်းက တာဝန်ယူထိန်းသိမ်းထားခြင်း၊

(ဍ) တားမြစ်ထားသော လက်နက်၊ ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် မီးလောင်လွယ်သော ပစ္စည်းများတွေ့ရှိပါက သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ထံ ချက်ချင်းအကြောင်းကြားပြီး အပ်နှံခြင်း၊

(ဎ) နိုင်ငံတော်အတွင်း ဝင်ရောက်ခွင့်မပြုသည့် ပုဂ္ဂိုလ်များအား ဝင်ခွင့်မပြုဘဲ ပြန်လည်ထွက်ခွာစေခြင်း၊

(ဏ) နည်းဥပဒေခွဲ (ဍ) နှင့် (ဎ) တို့ပါ ကိစ္စများကို တာဝန်အရဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လေကြောင်းလိုင်းအော်ပရေတာ၊ လေဆိပ်အော်ပရေတာနှင့် လေဆိပ်အာဏာပိုင်တို့ မပါရှိလျှင် ထိုကိစ္စကို ယင်းတို့ထံသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(တ) လေယာဉ်ပေါ်တွင် အနှောင့်အယှက်ပြုမှု၊ စည်းကမ်းမဲ့မှုများအား တားဆီးအရေးယူခြင်း၊

(ထ) လေယာဉ်ပေါ်တွင် ပျံသန်းရေးပစ္စည်းကိရိယာတစ်ခုခုအား ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းတို့ကို တည်ဆဲဥပဒေများအရ အရေးယူခြင်း၊

(ဒ) မီးလောင်လွယ်သောပစ္စည်းနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အရည်၊ ခတ်ငွေ့ရည်နှင့် ဂျဲလ်များ၊ အခါအားလျော်စွာ လေဆိပ်အာဏာပိုင်အဖွဲ့က တားမြစ်ကန့်သတ်ထားသော ပစ္စည်းများအား လေယာဉ်ပေါ်တွင် သယ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊

(ဓ) လေဆိပ်နှင့် မြို့ပြလေကြောင်းလုံခြုံရေးနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးတို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အကူအညီတောင်းခံခြင်းနှင့် လိုအပ်ပါက တပ်မတော်၏အကူအညီ ရယူဆောင်ရွက်ခြင်း၊

(န) လေဆိပ်နှင့် မြို့ပြလေကြောင်းပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းကို ဥပဒေမဲ့ အနှောင့်အယှက်ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲ အမှတ် ၁၇ နှင့်အညီ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပါ အခြားပြဋ္ဌာန်းချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ခြင်း။

၃၀။ အမျိုးသားမြို့ပြ လေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသည် လေဆိပ်လုံခြုံရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လေဆိပ်အာဏာပိုင်များ၊ လေကြောင်းနှင့် လေဆိပ်လုပ်ငန်းဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန်နာကျင်စေခြင်း ဖြစ်စေသည့် သို့မဟုတ် အခြေခံအဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကဲ့သို့ အလားတူ ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ လေဆိပ်နှင့် လေယာဉ်ပျံသန်းချိန်တွင် အသုံးပြုမှု၊ သယ်ဆောင်မှု၊ လေယာဉ်ပေါ်မှစွန့်ပစ်မှု သို့မဟုတ် ပစ်ချမှုမရှိစေရေးအတွက် ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများစသည့် အဆိုပါ ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများနှင့် ဆက်စပ်ပစ္စည်းများကို စုံစမ်းထောက်လှမ်းသည့် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ စုံစမ်းဖော်ထုတ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား နည်းပညာနှင့် ကျွမ်းကျင်မှုလေ့ကျင့်သင်တန်းပို့ချပေးခြင်း၊

(ခ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများစသည့် အဆိုပါ ပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအား ဘေးအန္တရာယ်မဖြစ်ပေါ်စေဘဲ စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (Standard Operating Procedure–SOP) ကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား သင်တန်းပို့ချလေ့ကျင့်ခြင်း၊

(ဂ) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ လေဆိပ်နှင့် လေယာဉ်အား ထိခိုက်ပျက်စီးစေမှု ဖြစ်ပွားသည့်အခါ ကူညီကယ်ဆယ်ကုသရန် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ စသည့် အဆိုပါပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအား ညစ်ညမ်းမှုသန့်စင်ရေး(Decontamination) အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များအား သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား နားလည်တတ်ကျွမ်းလိုက်နာစေရန် သင်ကြားပို့ချလေ့ကျင့်ခြင်း၊

(ဃ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများစသည့် အဆိုပါ ပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအားထုတ်လုပ်ရန် အရင်းအမြစ်ပစ္စည်းများ၊ ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုလုပ်ရာတွင် အသုံးပြုသည့် နည်းပညာနှင့် ဆက်စပ်သည့်ဆော့ဝဲလ်များ သို့မဟုတ် အလားတူပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ဖြင့် သယ်ယူပို့ဆောင်မှု၊ သယ်ယူပို့ဆောင်စေမှု သို့မဟုတ် သယ်ယူပို့ဆောင်မှုအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှုများအား တားဆီးနိုင်ရေးအတွက် နိုင်ငံတကာ သဘောတူညီချက်များအတိုင်း ဆောင်ရွက်စေခြင်း၊ လေဆိပ်များတွင် တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များအား ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများဆိုင်ရာ အခြေခံသဘောတရားများအား လေ့ကျင့်သင်ကြားပေးခြင်း၊ နည်းပညာကျွမ်းကျင်မှုနှင့် လိုအပ်သောကိရိယာများ၊ ကာကွယ်ရေးဝတ်စုံများအား ဖြည့်ဆည်းပေးခြင်း စသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်း။

၃၁။ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်ဖြစ်စေ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက်ဖြစ်စေ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသော သုတေသနပြုလုပ်ခြင်း၊ ဆေးဘက်ဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုခြင်း၊ နည်းပညာနှင့်ဆော့ဝဲလ်များ သုတေသနပြုလုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ယင်းတို့ကိုဆောင်ရွက်ရန် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၂။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့ပြလေကြောင်းလုံခြုံရေးအတွက် အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်အရ ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်ရမည်–

(က) မြို့ပြလေကြောင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအပေါ် ပြစ်မှုကျူးလွန်ခြင်းများအား တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်း၊

(ခ) လေဆိပ်အဆောက်အအုံနေရာများအား ပုံမှန်စောင့်ကြည့်ခြင်းနှင့် ကင်းလှည့်စစ်ဆေးခြင်း၊

(ဂ) လေယာဉ်ဆိုက်ရောက်သည့် ခရီးသည်များနှင့် ထွက်ခွာသည့်ခရီးသည်များတွင် မြို့ပြလေကြောင်းနှင့် လေဆိပ်ကို ခြိမ်းခြောက်မှုအန္တရာယ်ပြုနိုင်မည့်သူများအား စောင့်ကြည့်ခြင်း၊

(ဃ) လေယာဉ်အပိုင်စီးခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်း၊ ဗုံး သို့မဟုတ် ပေါက်ကွဲစေသော ပစ္စည်းဖြင့် အခြားခြိမ်းခြောက်မှုများပြုလုပ်ခြင်း၊ မြေပြင်တွင် ဖြစ်ပေါ်လာသည့် တိုက်ခိုက်ခြင်းများနှင့် လူစုလူဝေးဆူပူအုံကြွခြင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့၊ ခေါင်းစဉ်ညှိနှိုင်းရေးအဖွဲ့နှင့် ဗုံးရှင်းလင်းရေးအဖွဲ့ စသည့် အထူးလုံခြုံရေးအဖွဲ့များဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် လုံခြုံရေးအရေးပေါ်ဖြစ်စဉ်များ၌ လျှပ်တစ်ပြက်ဝင်ရောက်စီးနင်းမှုပြု၍ အကြမ်းဖက်သမားများအား ချေမှုန်းခြင်း၊

(ဆ) လေဆိပ်နှင့်လေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လုံခြုံရေးတပ်ဖွဲ့က တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် တားဆီးနှိမ်နင်းရေး ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်း၊

(ဇ) လေယာဉ်ပျံသန်းစဉ်လုံခြုံရေး လိုက်ပါဆောင်ရွက်ခြင်း။

၃၃။ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီက လိုအပ်၍ အကူအညီတောင်းခံလာခဲ့လျှင် တပ်မတော်တပ်ဖွဲ့ဝင်များသည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်–

(က) လေဆိပ်များတွင် လက်နက်အင်အားသုံး၍ ကင်းလှည့်ခြင်း၊ ချေမှုန်းခြင်း၊ အခြားလက်နက်ကိုင်တပ်ဖွဲ့အား အကူအညီပေးရေးလုပ်ငန်းများနှင့် တားဆီးချေမှုန်းခြင်းဆိုင်ရာ အထူးပြုသင်တန်းများ လေ့ကျင့်သင်ကြားခြင်း၊

(ခ) တပ်မတော်အနေဖြင့် မြို့ပြလေကြောင်းလေဆိပ်၏ လေကြောင်းသွားလာမှုဆိုင်ရာများအား ပူးတွဲအသုံးပြုနေခဲ့လျှင် သို့မဟုတ် တပ်မတော်၏နယ်နိမိတ်တွင် အထက်ဖော်ပြပါလေကြောင်းသွားလာမှုဆိုင်ရာများနှင့်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဆက်စပ်တည်ရှိနေလျှင် ဝင်ထွက်သွားလာမှုထိန်းချုပ်ခြင်းနှင့် အခြားလုံခြုံရေးလုပ်ငန်းစဉ်များအား တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) မြို့ပြလေကြောင်းအပေါ် ကျရောက်လာနိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ် တွက်ဆခြင်းနှင့် ရရှိလာသောသတင်းအား လိုအပ်သလိုဖြန့်ဝေခြင်း၊

(ဃ) ဗုံးရှာဖွေခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လေဆိပ်ပရိဝုဏ်နှင့် အခြားလေဆိပ်အဆောက်အအုံ နယ်မြေများအား ကင်းလှည့်စောင့်ကြပ်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊

(စ) လေယာဉ်အပိုင်စီးခြင်းနှင့် အဖျက်အမှောင့်လုပ်ရပ်များ၊ ဗုံး သို့မဟုတ် ပေါက်ကွဲစေသောပစ္စည်းဖြင့် အခြားခြိမ်းခြောက်မှု အန္တရာယ်များကိုလည်းကောင်း၊ မြေပြင်တိုက်ခိုက်မှုများနှင့် လူစုလူဝေးဖြင့် ဆူပူအုံကြွမှုများနှင့်ပတ်သက်သည့် အရေးပေါ်လုံခြုံရေး အခြေအနေများကိုလည်းကောင်း ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လေဆိပ်များတွင်ဖြစ်ပေါ်သည့် အရေးပေါ်လုံခြုံရေးအခြေအနေများတွင် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အင်အားသုံးချေမှုန်းခြင်း စသည့်တာဝန်များ ထမ်းဆောင်ခြင်း။

## အခန်း (၆)

## အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအပေါ် ကျူးလွန်မှုများကို တားဆီးနှိမ်နင်းခြင်း

၃၄။ နိုင်ငံတော်အတွင်း အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ-

(က) အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) စာချုပ်ဝင်နိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်၍ အဆိုပါအကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုရမည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ) တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ အစီရင်ခံရမည်။

၃၅။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ သံတမန်အဖွဲ့ဝင်များနှင့် သံတမန်အဖွဲ့အမှုထမ်းစုတွင် ပါဝင်သူများ၊ သံတမန်အမှုထမ်းစုတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များရရှိအောင် ဆောင်ရွက်ပေးရေးနှင့် ၎င်းတို့အား အကြမ်းဖက်မှုများမရှိစေရန် အကာအကွယ်ပေးရေးအတွက် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များအား အသိပညာပေးရန်နှင့် လေ့ကျင့်သင်တန်းများပေးရန် စီစဉ်ဆောင်ရွက်ရမည်။

၃၆။ (က) နိုင်ငံခြားရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များ နိုင်ငံတော်သို့ တရားဝင်ခရီးစဉ်ဖြင့် လာရောက်ခြင်းနှင့် ဖြတ်သန်းခြင်းတို့ ပြုလုပ်ပါက ၎င်းတို့အပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလျက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဆက်သွယ်ညှိနှိုင်း၍ အောက်ပါအချက်များ ဖော်ပြပြီး အကြောင်းကြားရမည်-

(၁) အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်အမည်နှင့် နိုင်ငံသား၊

(၂) နိုင်ငံကူးလက်မှတ်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ၊

(၃) နိုင်ငံတော်အတွင်းသို့ ဝင်ရောက်နေထိုင်မည့် သို့မဟုတ် ဖြတ်သန်းမည့် ဒေသနှင့် အချိန်ကာလ၊

(၄) နိုင်ငံတော်အတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်းပြုမည့်အကြောင်းကိစ္စများ။

(ခ) အခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များ လာရောက်သည့်အခါ အလားတူဆောင်ရွက်ရမည်။

၃၇။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များ နိုင်ငံတော်အတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်းပြုကြောင်း နည်းဥပဒေ ၃၆ အရ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ သိရှိလျှင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ ၎င်းတို့အား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့်ပြစ်မှုတစ်ခုခုကိုကျူးလွန်ခြင်းမရှိစေရေး၊ လိုအပ်သော အကာအကွယ်များပေးရေး၊ အကြမ်းဖက်မှုဖြစ်ပွားလာပါက တားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား အရေးယူရေးတို့အတွက် ဗဟိုအဖွဲ့သို့တင်ပြ၍ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီမှ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များအား တာဝန်ပေးရမည်။

၃၈။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည်-

(က) အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့်ပြစ်မှုတစ်ခုခုကို ကျူးလွန်လာပါက လိုအပ်သော လက်နက်အင်အားနှင့် တပ်ဖွဲ့ဝင်အင်အားကိုအသုံးပြု၍ တားဆီးနှိမ်နင်းခြင်းနှင့် ချေမှုန်းခြင်းတို့ပြုပြီး အကြမ်းဖက်သမားများအား လိုအပ်သော အရေးယူမှုများ ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီများသို့ အစီရင်ခံရမည်။

၃၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီတို့သည် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုမခံရစေရန် အကာအကွယ်ပေးခြင်း၊ တားဆီးနှိမ်နင်းခြင်း၊ ချေမှုန်းခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၇)

## ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းမှုများကို တားဆီးနှိမ်နင်းခြင်း

၄၀။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ ပါ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက်ကျူးလွန်သော ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် လိုအပ်သော လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ချမှတ်ထားသော လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးပြီး ၎င်းတို့၏ ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ဂ) စာချုပ်ဝင်နိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်၍ အဆိုပါအကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုရမည်။

(ဃ) နည်းဥပဒေခွဲ(က)၊ (ခ)နှင့် (ဂ) တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ ဆောလျင်စွာ အစီရင်ခံရမည်။

၄၁။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင် ပါရှိသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုများအပါအဝင် အကြမ်းဖက်သည့် ပြစ်မှုများအား တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ သတ်မှတ်ထားသည့်ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ အပါအဝင် ပြည်သူလူထု သိရှိနားလည်စေရေးအတွက် စာသင်ကျောင်းများတွင်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာများတွင်လည်းကောင်း လှည့်လည်၍အသိပညာပေးခြင်း၊ ဆွေးနွေးဟောပြောပွဲများ ကျင်းပပေးခြင်းတို့ပြုနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်သမားများ၏ ဝါဒဖြန့်မှုများအပေါ် ပြည်သူများ နားလည်မှုမလွဲမှားစေရန် သတင်းအချက်အလက်အမှန်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်သတင်းဝဘ်ဆိုက်နှင့် လူမှုကွန်ရက်များ၊ သတင်းစာ၊ ဂျာနယ်နှင့် လက်ကမ်းစာစောင်များမှတစ်ဆင့် အများပြည်သူသို့ ထုတ်ပြန်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုများအပါအဝင် အကြမ်းဖက်သည့် ပြစ်မှုတစ်ခုခုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဖွယ်ရာရှိကြောင်း မိမိအမာခံများမှ တစ်ဆင့် ခိုင်လုံသောသတင်းရရှိပါက သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကြိုတင်တားဆီးနှိမ်နင်းရေး၊ ဓားစာခံများလွတ်မြောက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့ ပြုလုပ်စေရမည်။

(ဃ) အကြမ်းဖက်မှုကို စီးနင်းတိုက်ခိုက်ခြင်းမပြုမီ ဓားစာခံများလွတ်မြောက်ရေးအတွက် သင့်လျော်သော ကျွမ်းကျင်သူများပါဝင်သည့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဓားစာခံထိန်းသိမ်းထားသူများနှင့် ဖြစ်နိုင်ခြေရှိသမျှ စေ့စပ်ညှိနှိုင်းဆောင်ရွက်စေရမည်။

၄၂။ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ခ) အရ တာဝန်ပေးအပ်လာသည့်အခါ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည် –

(က) အကြမ်းဖက်မှုကျူးလွန်သူများ၏ ခြေလှမ်းစရိုက်များ၊ ပြစ်မှုကျူးလွန်မှုများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းများ၊ လက်နက်များအပေါ် ပြည်သူများ နားလည်သတင်းပေးနိုင်စေရန် ဆွေးနွေးခြင်း၊

(ခ) အကြမ်းဖက်မှုကျူးလွန်သူများအား နောက်ကွယ်မှ ငွေကြေးနှင့် အထောက်အကူပြု ပစ္စည်းထောက်ပံ့ပေးသူများ၊ အားပေးကူညီသူများကို အဓိက စုံစမ်းဖော်ထုတ်၍ အကြမ်းဖက်မှုကျူးလွန်သူများနှင့် ဆက်နွယ်မှုလမ်းကြောင်းနှင့် နည်းလမ်းများအား ဖြတ်တောက်ခြင်း၊

(ဂ) လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် ပူးပေါင်း၍ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဃ) အထူးလေ့ကျင့်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကြိုတင်နေရာချထားခြင်း၊ ဓားစာခံများရှိရာ အဆောက်အအုံ၏ စနစ်ပုံများကို လေ့လာခြင်း။

(င) အကြမ်းဖက်မှု ကျူးလွန်သူများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော ဓားစာခံများ လွတ်မြောက်ရေးနှင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုမရှိစေရေးအတွက် အတတ်နိုင်ဆုံး ဦးစားပေးဆောင်ရွက်ခြင်း။

(စ) အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား ကူညီဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊

(ဆ) အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ နောက်ကွယ်မှ ထောက်ပံ့သူများ၊ အားပေးကူညီသူများ စီစဉ်ညွှန်ကြားသူများအား ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ထိရောက်သောအရေးယူမှုများ ဆောင်ရွက်ခြင်း။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

၄၃။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော ခရီးစာခံအဖြစ် ဖမ်းဆီး ထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်သမားများအား ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝရမ်းမပါဘဲ ရှာဖွေဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း ပြုနိုင်သည်။

(ခ) လူတစ်ဦး သို့မဟုတ် လူအများအား အကြမ်းဖက်သမားများမှ ခရီးစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သို့မဟုတ် မတရားဖမ်းဆီးချုပ်နှောင်ထားကြောင်း သတင်းရရှိသည့်အခါ ထိုနေရာသို့မဟုတ် အဆောက်အအုံအတွင်းသို့ အတားအဆီးမရှိဝင်ရောက်၍ ခရီးစာခံများကို ကယ်တင်နိုင်သည်။ ထိုသို့ဝင်ရောက်ရာတွင် အတားအဆီးဖြစ်သော တံခါး၊ ပြတင်းပေါက် စသည့် အတားအဆီးများကိုဖျက်ဆီး၍ ဝင်ရောက်နိုင်သကဲ့သို့ ခရီးစာခံများကိုကယ်တင်ပြီး အဆိုပါ အတားအဆီးများရှိပါက ဖျက်ဆီး၍ ထွက်နိုင်သည်။

(ဂ) ခရီးစာခံများအား ထိုသို့ဝင်ရောက်ကယ်တင်ရာတွင် အကြမ်းဖက်သမားများက အင်အားသုံး၍ အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာ ခုခံလာလျှင်သော်လည်းကောင်း၊ ထွက်ပြေးလွတ်မြောက်အောင် ကြိုးပမ်းလျှင်သော်လည်းကောင်း အကြမ်းဖက်သမားအား သေစေသည်အထိ ပစ်ခတ်ဖမ်းဆီးနိုင်သည်။

(ဃ) ခရီးစာခံများကို ဝင်ရောက်ကယ်တင်ရာတွင် လူ့ကိုယ်ခန္ဓာနှင့်ပစ္စည်းအပေါ် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူ၏ ကိုယ်ကိုလည်းကောင်း ရာဇသတ်ကြီးပုဒ်မ ၉၆ မှ ၁၀၆ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့် ရှိစေရမည်။

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော ခရီးစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်သူအကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူရမည်။

**အခန်း (၈)**

**နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှုများနှင့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တားဆီးနှိမ်နင်းခြင်း**

၄၄။ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် -

(က) အပြည်ပြည်ဆိုင်ရာနျူကလီးယားဒြပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

(ခ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နည်းပညာများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထားခြင်း၊ ထုတ်လုပ်ခြင်းတို့ဆောင်ရွက်ရာတွင် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယားဒြပ်ပစ္စည်းများနှင့် သက်ဆိုင်သောအပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်ကွန်ဗင်းရှင်းနှင့်အညီ လုံခြုံမှုအဆင့် သတ်မှတ်၍ လိုအပ်သောအစီအမံများချမှတ်ပြီး ဆောင်ရွက်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်အား သက်ဆိုင်ရာအစိုးရဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်စေရမည်။

(ဂ) အပြည်ပြည်ဆိုင်ရာနျူကလီးယားဒြပ်ပစ္စည်း သယ်ယူပို့ဆောင်မှုပြုနေစဉ်ကာလအတွင်း နည်းဥပဒေခွဲ(ခ) အရ သတ်မှတ်ထားသောအမျိုးအစားနှင့် အဆင့်အလိုက် ဘေးကင်းလုံခြုံမှုအစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်သူ သို့မဟုတ် တာဝန်ယူ၍ သယ်ယူပို့ဆောင်သူထံမှ အာမခံချက်များရယူထားရမည်။ ထိုသို့ အာမခံချက်များ ရယူထားခြင်းမရှိလျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများကို တည်ဆဲဥပဒေအရ ခွင့်ပြုချက်မရှိဘဲ-

(၁) ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း မပြုစေရ။

(၂) နိုင်ငံတော်၏နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်၏ လေဆိပ်၊ သင်္ဘောဆိပ်နှင့် ကုန်းလမ်းဝင်ပေါက်ဂိတ်များမှတစ်ဆင့် ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းကို သော်လည်းကောင်း ခွင့်မပြုရ။

(ဃ) အောက်ပါဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ ထိန်းသိမ်းဆောင်ရွက်ရမည် -

(၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အခန်း(၇)ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊

(၂) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ချက်များ၊

(၃) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရာ၌ရရှိသော သတင်းအချက်အလက်များ၊ ယင်းတို့နှင့် ပူးပေါင်းညှိနှိုင်း၍ လှုပ်ရှားဆောင်ရွက်မှုများ။

၄၅။ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည်-

(က) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများနှင့် အခြားလက်နက်များအား တစ်နည်းနည်းဖြင့် လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊ ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကြက်ချထားမှုများ မပြုရေးနှင့် တားဆီးရေးအတွက်လည်းကောင်း၊ အဆိုပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လုပ်ဆောင်မှုများအား စောင့်ကြပ်ထိန်းချုပ်ရေးအတွက်လည်းကောင်း လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ခိုးယူမှု၊ လုယက်မှု၊ အလွဲသုံးစားပြုမှု၊ လိမ်လည်အတုပြုလုပ်မှုများမှ ကာကွယ်ရေးအတွက် လည်းကောင်း၊ ဇီဝနှင့် ဓာတုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားဒြပ်ပစ္စည်းများအား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် တရားဝင်အသုံးပြုလျက်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအား ရာခိုင်နှုန်းပြည့်ထိန်းချုပ်ရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန်အလို့ငှာ သက်ဆိုင်ရာတာဝန်ရှိအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း သို့မဟုတ် ထိုသို့စစ်ဆေးစေခြင်း ပြုရမည်။

(ဂ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှုများကိုလည်းကောင်း၊ ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်များကို ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှုများကို လည်းကောင်း ထိန်းချုပ်နိုင်စေရန် နိုင်ငံတော်၏ဝင်ပေါက်နေရာများတွင် အဆိုပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား စောင့်ကြည့်စစ်ဆေးသည့် စက်ကိရိယာများတပ်ဆင်ခြင်း၊ နယ်စပ်ဒေသများ၌ သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ၏ ရှာဖွေထောက်လှမ်းရေး စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ ပြုရမည်။

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာများ၊ နျူကလီးယားအဆောက်အအုံများအား အသုံးပြု၍ဖြစ်စေ၊ ဖျက်ဆီး၍ဖြစ်စေ တစ်နည်းနည်းဖြင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းထုတ်လွှင့်မှုများနှင့် ဓာတ်ရောင်ခြည်များ ပျံ့လွင့်စေမှုများ မဖြစ်ပွားစေရန် နျူကလီးယားအဆောက်အအုံများအား လုံခြုံရေးအစီအမံများ စနစ်တကျထားရှိခြင်းနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများ ပြုလုပ်ဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

(င) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို အသုံးပြု၍ တစ်နည်းနည်းဖြင့် အခြားသူတစ်ဦးဦးကိုသေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်သော်လည်းကောင်း၊ ပစ္စည်းဥစ္စာကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ ကျူးလွန်မှု သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကိုအသုံးပြုမှု၊ လက်ဝယ်ထားမှုသို့မဟုတ်ပြုလုပ်မှုကို တားဆီးရန် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား စနစ်တကျမှတ်ပုံတင်ထားရှိခြင်း၊ မှတ်ပုံတင်ထားသော ယင်းပစ္စည်းတို့နှင့်စပ်လျဉ်းသည့် နေရာဒေသရွှေ့ပြောင်းမှုအားလုံးကို မှတ်တမ်းတင်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခြင်းခံရသည့်အခါ ယင်းတို့ကို ပြန်လည်ရရှိရေးအတွက် ပြည်တွင်းရှိ အာဏာပိုင်အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

(စ) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်အရ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကိုအသုံးပြု၍ အကြမ်းဖက်မှုများပြန့်ပွားစေရေးအတွက် ငွေကြေးထောက်ပံ့မှုကျူးလွန်သည့် ပြည်ပနိုင်ငံမှ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက ပိုင်ဆိုင်ပြီး မိမိနိုင်ငံ၏ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ခြင်းနှင့် ထိုနိုင်ငံများတွင် မှတ်ပုံတင်ထားသော သင်္ဘောများအား မိမိနိုင်ငံ၏ဆိပ်ကမ်းတွင် ဝင်ရောက်ဆိုက်ကပ်ခြင်းတို့ကို ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဆ) နျူကလီးယားအဆောက်အအုံများ နှောင့်ယှက်ဖျက်ဆီးမှုဖြစ်ပွားပါက မှုခင်းများ ဖြစ်ပွားပြီးနောက်ပိုင်း စုံစမ်းစစ်ဆေးမှုစွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ ပြုလုပ်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

**အခန်း (၉)**

**ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း**

၄၆။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် -

(က) နိုင်ငံတော်တွင်မှတ်ပုံတင်ထားသော သင်္ဘောများအား ပြည်တွင်းပြည်ပ ဆိပ်ကမ်းများတွင် ရေကြောင်းပို့ဆောင်ရေးကိုလည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုလည်းကောင်း ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများ ဖြစ်ပွားလာပါက ကိုင်တွယ်ဖြေရှင်းနိုင်မည့် အစီအမံများကို ကြိုတင်ချမှတ်ပြီး ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သော အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပြီး ရေကြောင်းကာကွယ်ရေး လက်နက်ကိုင်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များအား တာဝန်ပေးရမည်။

(ဂ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံနှင့် ထိုအဆောက်အအုံပေါ်ရှိ လူများကို ဘေးအန္တရာယ်ဖြစ်စေသည့် အကြမ်းဖက်မှုများကိုလည်းကောင်း၊ ထိုဥပဒေပုဒ်မ ၃၃ ပါ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်၏ပိုင်နက် ပင်လယ်နယ်နိမိတ်တွင်ဖြစ်စေ၊ ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်မှုများကိုလည်းကောင်း ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပြီး ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့အား တာဝန်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့အရ အကြမ်းဖက်မှုများအား ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ဆောင်ရွက်ရာတွင် လိုအပ်ပါက တပ်မတော်(ရေ)ကို အကူအညီတောင်းခံနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထိုသို့အားပေးကြည့်ရှုရာတွင် နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများက စာစစ်ဌာနများအလိုက် ဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်ဝင်စာစစ်ဌာနများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စာမေးပွဲစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြီးဆုံးသည်အထိ ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲကျင်းပစဉ်ကာလအတွင်း လိုအပ်သည်များနှင့် ထူးခြားဖြစ်စဉ်များဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မှာကြားသည်။





ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပများတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ကာ စနစ်တကျစောင့်ကြပ်ကြည့်ရှုပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာန စုစုပေါင်း ၃၉ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၇၁၁၈ ဦး စာရင်းပေးသွင်းကြပြီး သင်္ချာဘာသာရပ်ကို ၆၄၂၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၅၈ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ငါးခု၊ စာစစ်ဌာန စုစုပေါင်း ၈၆၃ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၇၉၈၄၃ ဦး စာရင်းပေးသွင်းကြပြီး ၁၆၁၆၃၃ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြို အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)၏ အကြိုအစီအစဉ်များအဖြစ် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီနာယက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းတို့ တက်ရောက်အားပေးသည်။

နံနက်ပိုင်းတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သောအဖွဲ့သည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ မြန်မာနိုင်ငံ အစာအိမ်နှင့် အူသိမ်လမ်းကြောင်းခွဲစိတ်ကုပညာအဖွဲ့က ဦးဆောင်၍ ကျင်းပသော Gastric Cancer Awareness and Gastrectomy သို့ သွားရောက်၍ Modular Operation Theatre ၌ လက်တွေ့သင်ကြားမှုများကို ကြည့်ရှုအားပေးကာ သင်တန်းဆရာများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ပါမောက္ခ ဒေါက်တာသန်းဝင်းညွန့်က Chairperson အဖြစ် ဆောင်ရွက်သည့် Workshop on Mild Cognitive Impairment and Dementia (မှတ်ဉာဏ်ချို့ယွင်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ)သို့ တက်ရောက်အားပေးကာ Speaker ဖြစ်သည့် ထိုင်းနိုင်ငံ Mahidol University, Department of Preventive and Social Medicine မှ Professor Weerasak Muang-paisan, Geriatric Medicine ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သင်ကြားရေးခန်းမ၌ စင်ကာပူနိုင်ငံ National University of Singapore မှ Head of Department of Pathology, Professor Tan Soo Young မှ Speaker အဖြစ်ကျင်းပသည့် Workshop on Pitfalls in Histopathology Laboratory Diagnosis သို့ တက်ရောက်အားပေး၍ ဒုတိယဝန်ကြီးက Professor Tan Soo Young ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး နေပြည်တော် အရေးပေါ်အသက်ကယ်သင်တန်းဌာန၌ ကျင်းပသည့် Work-shop on High Quality CPR & Early defibrillation and Emergency Management of Cardiac Arrest Patients in hospital setting ၌ တက်ရောက်နေကြသော သင်တန်းသား ၅၃ ဦးတို့ကို အရေးပေါ်အသက်ကယ်ခြင်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို Model များ၊ အထောက်အကူပြုပစ္စည်းများနှင့် လက်တွေ့သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ သင်တန်းဆရာများဖြစ်သော အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး-နေပြည်တော်၌ ကျင်းပသည့် Basic Laparoscopic Technique Workshop သို့ သွားရောက်၍ ဝမ်းဗိုက်မဖွင့်ရဘဲ Laparoscopy စက်ဖြင့် ခွဲစိတ်ကုသမှုကို လက်တွေ့သင်ကြားဆွေးနွေးမှုများကိုလည်းကောင်း၊ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး-နေပြည်တော်၌ ကျင်းပသည့် Point-of-care Ultrasound Work-shop သို့ လည်းကောင်း သွားရောက်၍ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများမှ မြို့နယ်ကုသရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆရာဝန်များအား Ultrasound လက်တွေ့သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းဆရာများဖြစ်သော ခွဲစိတ်ကုပညာဌာနနှင့် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ ဌာနမှူးများနှင့် အထူးကုဆရာဝန်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၂၈-၄-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော်  မတ်  ၁၀**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရွှေလီဧည့်ခန်းမဆောင်၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ နှင့် မိသားစုတို့မှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၅၀၀ ကို တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော်  မတ်  ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိမိတို့ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် ဦးစီးဌာနလေးခု ညီညီညွတ်ညွတ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါရုံး၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်အဆင့် ခရိုင်အဆင့် ဦးစီးမှူးများ၊ ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်၊ ယွန်းလျှံလယ်ယာအထောက်အကူပြု ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သမဝါယမစနစ်ဖြင့် နွားမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဒေသနွားမျိုးများ ဝယ်ယူရရှိရေး၊ နွားစာအတွက် အဲဗားဂရင်းမြက်စိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ရက်ကန်းနှင့် အသက်မွေးပညာကျောင်းသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံခေတ်မီဆန်းသစ်သော ရက်ကန်းဒီဇိုင်းများ တီထွင်ထုတ်လုပ်နိုင်ရေး၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ဖွင့်လှစ်သင်ကြားပေးမည့် Diploma သင်တန်းသို့ ဆက်လက်သင်ယူခွင့်ရရှိရန် ကြိုးစားကြရေးမှာကြားကာ ချည်မျှင်နှင့် အထည် အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လသင်တန်းတို့တွင် စာတွေ့ လက်တွေ့ လေ့လာသင်ယူနေကြသော သင်တန်းသူ ၃၀ တို့ကို အားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော ကျက်တောပြင်ကျေးရွာ၏ အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းနှင့် ရေမီတာတပ်ဆင်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေဖြင့် ဆောင်ရွက်နေသော ပျားလည်ချောင်းကျေးရွာ၏ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်တွေ့ဆုံကာ စစ်တွေမြို့နယ်တောကန်ကျေးရွာနှင့် ငတောက်တက်ကျေးရွာတို့တွင် သမဝါယမအသင်းများဖွဲ့စည်း၍ နွားမွေးမြူဆောင်ရွက်မည့် အခြေအနေ၊ ဒေသနွားမျိုးများ ဝယ်ယူမည့်အခြေအနေ၊ နွားစာအတွက် စီစဉ်ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်ခရိုင် ကျေးလက်နေ ပြည်သူများအတွက် လမ်း၊ တံတားများ အဆင့်မြှင့်တင်

**နေပြည်တော် မတ် ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ ကျေးရွာ ၂၆၃ ရွာတွင် နေထိုင်သည့် ပြည်သူ ၁၆၃၅၅၆ ဦးကို အကျိုးပြုနိုင်ရန် အတွက် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ခရိုင်အတွင်းရှိကျေးလက်လမ်း၊ တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ တိုင်းဒေသကြီး (ငွေလုံးငွေရင်း၊ ဖြည့်စွက်၊ ပြင်/ထိန်း၊ ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေနဲ့ ကွန်ကရစ်လမ်း ၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၂ မိုင် ၂ ဒသမ ၇၅ ဖာလုံ၊ ကျောက်ချော လမ်း ၃ မိုင် ၇ ဒသမ ၈၂ ဖာလုံ ၊ ဂဝံ/ မြေနီ ၇၂ မိုင် ၆ ဖာလုံ၊ Submersible bridge တစ်စင်း၊ ကွန်ကရစ်တံတားခုနစ်စင်း၊ ရေကျော် ခုနစ်စင်း၊ Box Culvert ၁၉ စင်းနဲ့ အခြားလုပ်ငန်းတစ်ခုကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဇာလှိုင်သန်း က ပြောသည်။

ထို့အတူ ခရိုင်အတွင်းရှိ လမ်းမိုင် ၁၄ မိုင် ၃ ဒသမ ၄၅ ဖာလုံ နှင့် တံတား ၁၅ စင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်ကုန်တွင် ကျေးလက်လမ်းပေါင်း ၅၀၄ လမ်းနှင့် မိုင်ပေါင်း ၁၃၄၅ မိုင် ၇ ဒသမ ၆၆ ဖာလုံနှင့် အဆိုပါလမ်းများပေါ်ရှိ တံတားပေါင်း ၃၀၉ စင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး (၈၀ ရာခိုင်နှုန်း)ရာသီမရွေး သွားလာနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်ဘီ**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၀**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အောင်ဆန်းခန်းမနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆို လက်ခံခြင်းကို ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေး စကားများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများ ထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၇ လခွဲသား အရွယ်တွင် အရပ် အမြင့် ၃ ပေ ၃ လက်မ၊ ကိုယ်လုံးလုံးပတ် ၅ ပေ ၁၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၄၀၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး"ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် တတိယအကြိမ် သမ္မတသက်တမ်း ထမ်းဆောင်

ပေကျင်း မတ် ၁၀

တရုတ်ပြည်သူ့သမ္မတ နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် မတ် ၁၀ ရက်က ကျင်းပသော အမျိုးသားပြည်သူ့ကွန်ဂရက်တွင် နိုင်ငံ့ခေါင်းဆောင်အဖြစ် တတိယအကြိမ် သမ္မတ သက်တမ်းကို ရရှိခဲ့သည်။ ၎င်း၏ ပြန်လည်ရွေးချယ်ခံရမှုက ၎င်းကို ပါတီ၊ နိုင်ငံတော်နှင့် စစ်ဘက်ထိပ်တန်း နေရာများတွင် ဆက်လက်တည်ရှိနေစေရန် ခွင့်ပြုပေးလိုက်ပြီ ဖြစ်သည်။



နိုင်ငံ့ခေါင်းဆောင်အဖြစ် တတိယအကြိမ် သမ္မတသက်တမ်းကို ရရှိခဲ့သော တရုတ်သမ္မတ ရှီကျင့်ဖျင်။

အမျိုးသား ပြည်သူ့ကွန်ဂရက်သည် နှစ်ကြိမ်ဆက်တိုက် ငါးနှစ် သမ္မတသက်တမ်း ကန့်သတ်ချက်ကို ဖယ်ရှားပေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုခဲ့သည်။

တစ်ချိန်တည်းမှာပင် ဒုတိယ ဝန်ကြီးချုပ် ဟန်ကျန့်သည် ဒုတိယသမ္မတရာထူးကို ရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ၌ ရာသီတုပ်ကွေးကြောင့် နှစ်ဦးသေဆုံး

နယူးဒေလီ မတ် ၁၀

အိန္ဒိယနိုင်ငံ၌ ရာသီတုပ်ကွေး H3N2 ကြောင့် လူနှစ်ဦးသေဆုံးခဲ့သည်။ တစ်ဦးမှာ ကာနာတာကာပြည်နယ်မှဖြစ်ပြီး တခြားတစ်ဦးမှာ ဟာယာနာပြည်နယ်မှဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးအာဏာပိုင်များက မတ် ၁၀ ရက်က အတည်ပြုခဲ့သည်။

ကွယ်လွန်သွားသူနှစ်ဦးလုံးမှာ အသက်အရွယ်အိုမင်းပြီး ရောဂါခံစားနေရသူများဖြစ်သည်။ ဓာတ်ခွဲခန်းပေါင်း ၃၀၃၈ ခုက ရာသီတုပ်ကွေးအမျိုးမျိုးကို အတည်ပြုပေးခဲ့ပြီး အဆိုပါရာသီတုပ်ကွေးများထဲတွင် H3N2 လည်းပါဝင်သည်။ ဇန်နဝါရီလတွင် ရာသီတုပ်ကွေးကူးစက်ဖြစ်ပွားသူ ၁၂၄၅ ဦးရှိသည်။ ဖေဖော်ဝါရီလတွင် ၁၃၀၇ ဦးနှင့် မတ် ၉ ရက်အထိ ၄၈၆ ဦးရှိကြောင်း ကျန်းမာရေးနှင့်မိသားစုရေးရာဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုအချိန်အထိ ကာနာတာကာနှင့် ဟာယာနာတို့တွင် H3N2 ရာသီတုပ်ကွေးကြောင့် တစ်ဦးစီသေဆုံးခဲ့ပြီးဖြစ်သည်။ **ဆင်ဟွာ**

## ဟမ်းဘာ့ဂ်မြို့ရှိ ဘာသာရေးအဆောက်အအုံတွင် ပစ်ခတ်မှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံးဟု ဂျာမန်မီဒီယာများတွင် ဖော်ပြ

ဘာလင် မတ် ၁၀

ဂျာမနီနိုင်ငံ မြောက်ပိုင်းမြို့ဖြစ်သည့် ဟမ်းဘာ့ဂ်ရှိ ဘာသာရေးအဆောက်အအုံတွင် မတ် ၉ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု ဂျာမန်မီဒီယာများတွင် ဖော်ပြကြသည်။ ယင်းသို့ ပစ်ခတ်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး ဒဏ်ရာရှိသူများလည်းရှိကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။

မတ်လ ၉ ရက် ညပိုင်းက ဘုရားရှိခိုးကျောင်းအတွင်း သေနတ်သမားတစ်ဦး ဝင်ရောက်ပစ်ခတ်ခဲ့သည်ဟု ဒေသခံအာဏာပိုင်များက အစီရင်ခံဖော်ပြထားသည်။ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော သေနတ်သမားများက ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ၏ပြောကြားချက်ကို ကိုးကားကာ ပြည်တွင်းရုပ်သံလိုင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

လူအချို့ သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်းရှိကြောင်း ဒေသခံရဲအရာရှိက ပြောသည်။ သေဆုံးသူများထဲတွင် သေနတ်သမားလည်း ပါဝင်ခြင်း ရှိ မရှိ မသိရသေးချေ။ ယင်းသို့ပစ်ခတ်မှု၏ အကြောင်းရင်းကို ရဲများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပစ်ခတ်မှုကျူးလွန်သူ ထွက်ပြေးသွားသည့်သက်သေကို မတွေ့ရသေးဟု ရဲများက ပြောသည်။

ဟမ်းဘာ့ဂ်မြို့တော်ဝန် ပီတာ ရှန်ချာကလည်း သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

ကျူးလွန်သူများကို ဖမ်းမိရန်နှင့် ယင်းသို့ပစ်ခတ်ရခြင်း၏အကြောင်းကို ဖော်ထုတ်နိုင်ရေး ရဲများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ၎င်း၏တွစ်တာအကောင့်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## မလေးရှားဝန်ကြီးချုပ်ဟောင်းကို အကျင့်ပျက်ခြစားမှုဖြင့် စွဲချက်တင်

ကွာလာလမ်ပူ မတ် ၁၀

မလေးရှား ဝန်ကြီးချုပ်ဟောင်း မူဟီဒင်ယက်ဆင်းကို ကိုဗစ်-၁၉ ကယ်ဆယ်ရေး စီမံကိန်းနှင့် ပတ်သက်ပြီး အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှုတို့နှင့် စွဲချက်တင်ခဲ့သည်။ ၎င်းသည် နိုင်ငံကို ၂၀၂၁ ခုနှစ် ဩဂုတ်အထိ ၁၇ လကြာ တာဝန်ယူအုပ်ချုပ်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း နှင့် ကြာသပတေးနေ့တွင် ဖမ်းဆီးခံရပြီးနောက် တစ်ရက်အကြာ ယခုလို အမှုများဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။



မလေးရှားဝန်ကြီးချုပ်ဟောင်း မူဟီဒင်ယက်ဆင်း။

အတိုက်အခံ ခေါင်းဆောင်သည် ယခုအခါ စွဲချက်ပေါင်း ခြောက်မှုနှင့် ရင်ဆိုင်နေရသည်။

အဆိုပါအမှုများတွင် ၎င်းပါတီပိုင် ဘဏ်အကောင့်တစ်ခုတွင် အမေရိကန်ဒေါ်လာ ၅၁ သန်းကျော် လာဘ်ငွေလက်ခံရရှိရန် အာဏာအလွဲသုံးစားလုပ်မှုလည်း ပါဝင်သည်။

မူဟီဒင်ကို အာမခံဖြင့် လွှတ်ပေးထားသည်။ စွဲချက်ခြောက်မှုစလုံးတွင် အပြစ်မရှိကြောင်း ၎င်းက ပြောခဲ့သည်။

လွန်ခဲ့သောနှစ်က ဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်ကို ပွတ်ကာသီကာ ရှုံးနိမ့်ခဲ့ချိန်ကတည်းက ၎င်းနှင့် ၎င်းပါတီသည် စစ်ဆေးမှုများ ခံယူခဲ့ရသည်။

အန်ဝါသည် ယခင်အစိုးရ၏ အကျင့်ပျက်ခြစားမှုကို ဖော်ထုတ်ရန် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံရရှိ

ဖနောင်ပင် မတ် ၁၀

**၂၀၂၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံရရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၆၆၉ ရာခိုင်နှုန်း တိုးလာသည်ဟု ခရီးသွားလာရေးဝန်ကြီးဌာနက မတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။**

ကမ္ဘောဒီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတကာခရီးသွား ၂ ဒသမ ၂၈ သန်းကို လက်ခံနိုင်ခဲ့ပြီး အဆိုပါပမာဏသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၀၅၈ ရာခိုင်နှုန်း တိုးလာသည်ဟု အစီရင်ခံစာအရ သိရသည်။ ပြီးခဲ့သည့်နှစ်အတွင်း ခရီးသွားလာမှုလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ဂျီဒီပီ ၃ ဒသမ ၆ ရာခိုင်နှုန်း အထောက်အကူပြုပေးနိုင်ခဲ့သည်။ ပျမ်းမျှအားဖြင့် ခရီးသွားတစ်ဦးသည် ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်ညအိပ် သုံးရက်နေထိုင်လေ့ရှိကြောင်း အစီရင်ခံစာအရ သိရသည်။ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာမှ ခရီးသွားလေးသန်းကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ခရီးသွားလာရေးဝန်ကြီး သွန်ခွန်က ပြောသည်။ ယခုနှစ် အတွင်း တရုတ်နိုင်ငံမှ ခရီးသွား ၈၀၀၀၀၀ နှင့် တစ်သန်းနီးပါးကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ၎င်းက ဆက်ပြောသည်။

ခရီးသွားလုပ်ငန်းမှာ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနေသည့် ထောက်တိုင်လေးခုထဲမှ တစ်ခုဖြစ်ပြီး နိုင်ငံအတွင်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် သုံးနေရာရှိသည်။ ထို့ပြင် ဆီဟန်နော့ဗေးလ်၊ ကမ်ပေါ့၊ ကပ်နှင့် ခို့ခွန်အစရှိသည့် ပြည်နယ်လေးခုတို့တွင် အရှည် ၄၅၀ ကီလိုမီတာ ရှည်လျားသည့် ကမ်းရိုးတန်းလည်း ရှိသည်။

**ဆင်ဟွာ**



ကမ္ဘောဒီးယားနိုင်ငံ ဆီအန်ရိပ်ပြည်နယ်ရှိ ဘေရွန်ဘုရားကျောင်းတွင် ခရီးသွားများ လာရောက်လည်ပတ်နေသည်ကို တွေ့ရစဉ်။

# တက္ကသိုလ်ဝင်စာမေးပွဲ(တတိယနေ့) သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို

**တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို မတ် ၁၀ ရက်တွင် ဆက်လက်စစ်ဆေးရာ မြို့နယ်အသီးသီးမှ စာဖြေဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။**

## မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ စာစစ်ဌာန လေးခု ဖြစ်သည့် အထက(၁)၊ အထက(၂)၊ အထက(၆) နှင့် အထက(ပြင်ရွာ) စာစစ်ဌာနတို့၌ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဖြေဆိုမည့်စာရင်းရှိ ၁၁၂၉ ဦးအနက် ၁၀၄၃ ဦး ဝင်ရောက်ဖြေဆိုပြီး ပျက်ကွက်သူ ၈၆ ဦးရှိကြောင်းနှင့် ဖြေဆိုသည့်ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၃၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မဘိမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် အထက-မဘိမ်းစာစစ်ဌာန၌ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၈၇ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၀၅ ဦးအနက် ပျက်ကွက် ကျောင်းသား ကျောင်းသူ ၁၈ ဦးရှိကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းအတွင်းအပြင်လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**မျိုးမင်း (မဘိမ်း)**

## နောင်ချို

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ သင်္ချာဘာသာရပ်ကို ကျောင်းသား ၁၄၀၊ ကျောင်းသူ ၂၅၄ ဦး စုစုပေါင်း ၃၉၄ ဦးဖြေဆိုခဲ့ပြီး ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ၂ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။ **ထွေးငယ်(ပြန်/ဆက်)**

## တပ်ကုန်း

တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၊ အမှတ်(၂) စာစစ်ဌာနနှစ်ခု၌ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၈၃၇ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး စာရင်းရှိစုစုပေါင်း ၉၂၅ ဦးအနက် ပျက်ကွက်သူ ၈၈ ဦးရှိကာ ၉၀ ဒသမ ၄၉ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စာမေးပွဲဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီပေးလျက်ရှိသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်းမှ အထက(၁) ဇလွန်၊ အထက ကော့ကပ်ကြီး၊ အထက ဂုံညင်းတန်း၊ အထက ဒေါင့်ကြီး၊ အထက ပျဉ်းမကုန်း၊ အထက ရွှေကျောင်း၊ အထက မေရီလန်း၊ အထက မြစ်ဝ ၊ အထက သပြုကွင်း စာစစ်ဌာန ကိုးခုတို့၌ သင်္ချာဘာသာရပ်ကို ကျောင်းသား ၁၇၁ ဦး၊ ကျောင်းသူ ၂၄၀ စုစုပေါင်း ၄၁၁ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဖြေဆိုမှုရာခိုင်နှုန်း ၈၉ ဒသမ ၅၄ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ဝေယံ (ပြန်/ ဆက်)**



## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် စာစစ်ဌာန သုံးခု၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၇၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး မြောက်ဦးမြို့နယ်အတွင်း စာစစ်ဌာနသုံးခု၌ စာမေးပွဲဝင်ရောက်ဖြေဆိုမည့် စာရင်းရှိကျောင်းသား ကျောင်းသူ ၉၆၉ ဦးအနက် ဝင်ရောက်ဖြေဆိုသူ ၈၇၃ ဦး၊ ပျက်ကွက် ၉၆ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၃၃ ဦးရှိ

**နေပြည်တော် မတ် ၁၀**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ကို ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၃၃ ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြား စာစစ်ဌာန ၅ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၈ ခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၇၉၈၆၃ ဦး ရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၃၃ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်းအနေဖြင့် ၈၉ ဒသမ ၈၇ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်-သင်္ချာ — ရက်စွဲ၊ ၁၀ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေ အတွက် | မြို့နယ် အရေ အတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၂ | ၁၄၀၈ | ၈၉၁၉ | ၁၀၃၂၇ | ၁၃၆၄ | ၈၁၆၅ | ၉၅၂၉ | ၄၄ | ၇၅၄ | ၇၉၈ | ၉၂.၂၇% | ၇.၇၃% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၅၉ | ၇၃၆ | ၉၉၅ | ၂၅၁ | ၆၇၀ | ၉၂၁ | ၈ | ၆၆ | ၇၄ | ၉၂.၅၆% | ၇.၄၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၆၇၈ | ၂၁၇၃ | ၂၈၅၁ | ၆၂၁ | ၁၉၁၉ | ၂၅၄၀ | ၅၇ | ၂၅၄ | ၃၁၁ | ၈၉.၀၉% | ၁၀.၉၁% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၆၅၁ | ၂၈၁၀ | ၃၄၆၁ | ၅၈၀ | ၂၂၃၆ | ၂၈၁၆ | ၇၁ | ၅၇၄ | ၆၄၅ | ၈၁.၃၆% | ၁၈.၆၄% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၂ | ၁၆၆၄ | ၉၈၀၂ | ၁၁၄၆၆ | ၁၅၆၇ | ၈၃၆၃ | ၉၉၃၀ | ၉၇ | ၁၄၃၉ | ၁၅၃၆ | ၈၆.၆၀% | ၁၃.၄၀% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၁၁၀၀ | ၃၂၀၃ | ၄၃၀၃ | ၁၀၄၂ | ၂၈၆၃ | ၃၉၀၅ | ၅၈ | ၃၄၀ | ၃၉၈ | ၉၀.၇၅% | ၉.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၂၇၃ | ၅၇၀၈ | ၆၉၈၁ | ၁၂၂၆ | ၅၀၉၃ | ၆၃၁၉ | ၄၇ | ၆၁၅ | ၆၆၂ | ၉၀.၅၂% | ၉.၄၈% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၁၂၀၉ | ၅၄၄၀ | ၆၆၄၉ | ၁၁၆၃ | ၄၉၀၅ | ၆၀၆၈ | ၄၆ | ၅၃၅ | ၅၈၁ | ၉၁.၂၆% | ၈.၇၄% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၇၇၆ | ၁၂၈၈၃ | ၁၃၆၅၉ | ၇၅၉ | ၁၁၆၅၅ | ၁၂၄၁၄ | ၁၇ | ၁၂၂၈ | ၁၂၄၅ | ၉၀.၈၉% | ၉.၁၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၉၄၈ | ၂၀၀၆၄ | ၂၄၀၁၂ | ၃၈၄၃ | ၁၈၁၉၁ | ၂၂၀၃၄ | ၁၀၅ | ၁၈၇၃ | ၁၉၇၈ | ၉၁.၇၆% | ၈.၂၄% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၅၇၇ | ၄၆၄၃ | ၆၂၂၀ | ၁၄၉၃ | ၄၂၇၅ | ၅၇၆၈ | ၈၄ | ၃၆၈ | ၄၅၂ | ၉၂.၇၃% | ၇.၂၇% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၄၀၈ | ၁၈၈၈၂ | ၁၉၂၉၀ | ၃၉၁ | ၁၆၄၅၉ | ၁၆၈၅၀ | ၁၇ | ၂၄၂၃ | ၂၄၄၀ | ၈၇.၃၅% | ၁၂.၆၅% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၃ | ၁၈၉၆ | ၂၄၉၁၈ | ၂၆၈၁၄ | ၁၈၆၂ | ၂၁၉၀၂ | ၂၃၇၆၄ | ၃၄ | ၃၀၁၆ | ၃၀၅၀ | ၈၈.၆၃% | ၁၁.၃၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၈၉၇ | ၆၇၀၈ | ၈၆၀၅ | ၁၈၄၃ | ၅၉၇၄ | ၇၈၁၇ | ၅၄ | ၇၃၄ | ၇၈၈ | ၉၀.၈၄% | ၉.၁၆% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၁၀၂၁ | ၂၆၂၄ | ၃၆၄၅ | ၉၆၆ | ၂၃၄၂ | ၃၃၀၈ | ၅၅ | ၂၈၂ | ၃၃၇ | ၉၀.၇၅% | ၉.၂၅% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၅၅ | ၁၁၆၆ | ၁၃၂၁ | ၁၄၉ | ၁၀၁၂ | ၁၁၆၁ | ၆ | ၁၅၄ | ၁၆၀ | ၈၇.၈၉% | ၁၂.၁၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၇၈၀၆ | ၁၄၃၀၉ | ၂၂၁၁၅ | ၇၃၇၂ | ၁၂၆၈၆ | ၂၀၀၅၈ | ၄၃၄ | ၁၆၂၃ | ၂၀၅၇ | ၉၀.၇၀% | ၉.၃၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၆၉၁၆ | ၇၁၁၈ | ၂၀၀ | ၆၂၂၀ | ၆၄၂၀ | ၂ | ၆၉၆ | ၆၉၈ | ၉၀.၁၉% | ၉.၈၁% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၁၁ | ၁၁ | | ၁၁ | ၁၁ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၆၃ | ၂၇၉၂၈ | ၁၅၁၉၁၅ | ၁၇၉၈၄၃ | ၂၆၆၉၂ | ၁၃၄၉၄၁ | ၁၆၁၆၃၃ | ၁၂၃၆ | ၁၆၉၇၄ | ၁၈၂၁၀ | ၈၉.၈၇% | ၁၀.၁၃% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၈ ရာခိုင်နှုန်းရှိ

**(၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၉၂,၆၁၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၅၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၃၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၃-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၈ | ၂၀၇၂ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၀၀၄ | ၂၀၇၃ |
| HSD (50 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (10 ppm) | ၂၀၇၈ | ၂၁၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၀

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာရှိ ဒေသခံပြည်သူများအား အဆိုပါကျေးရွာဓမ္မာရုံ၌ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၇၈ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

သတင်းစဉ်

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ချက်များ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အသိပညာပေးရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနခွဲ

❖ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ နိုင်ငံတစ်ဝန်း တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်** (Fighting Corruption together for Public Prosperity) **ဟူသော အပြုသဘောအယူအဆကို ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်** (Vision) **အဖြစ် သတ်မှတ်ထားသည်။ မျိုးဆက်သစ်များအတွက် ရည်ရွယ်သော အဆိုပါ အနာဂတ်မျှော်မှန်းချက်ကို ရည်ညွှန်း၍ ကော်မရှင်၏ ဆောင်ပုဒ်ကို “အဂတိပယ်ခွာ ပြည်သာယာ** (Remove Corruption, Promote Prosperity)” **ဟူ၍ သတ်မှတ်ထား**

### သမိုင်းကြောင်း

မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့်ကော်မတီကို ဖွဲ့စည်း၍ လည်းကောင်း၊ ပြည်သူ့ပစ္စည်းကာကွယ်ရေးရဲအဖွဲ့ကို ဖွဲ့စည်း၍ လည်းကောင်း လာဘ်ပေး လာဘ်ယူနှင့် အဂတိလိုက်စားမှုများကို ရာဇသတ်ကြီး (Penal Code) အရ အရေးယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ်၌ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေကိုပြဋ္ဌာန်း၍ အထူးစုံစမ်းစစ်ဆေးရေးဌာနကို နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် ပြဋ္ဌာန်းထားသည့်ဥပဒေများတွင် အဂတိလိုက်စားမှု တားမြစ်ရေးနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထားပြီး အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်ခဲ့သည်။

ကမ္ဘာတစ်ဝန်း အဂတိလိုက်စားမှုနှင့်ဆက်စပ်နေသည့် နိုင်ငံဖြတ်ကျော်လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု စသည်တို့ကို တားဆီးကာကွယ်ရန်၊ အရေးယူအပြစ်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂသည် ၂၀၀၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အတည်ပြုဝင်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၅-၂-၂၀၁၄ ရက်စွဲပါအမိန့် အမှတ် ၆/၂၀၁၄ ဖြင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် ၁၃ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီး ၄-၈-၂၀၁၄ ရက်စွဲပါအမိန့်အမှတ် ၁၉/၂၀၁၄ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ကော်မရှင်ရုံးဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ကော်မရှင်ကသာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စရပ်များအတွက် အရေးယူဆောင်ရွက်နိုင်သော အဖွဲ့အစည်းဖြစ်လာသည်။ ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် ဒုတိယအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်းကောင်း၊ တတိယအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ၂၀-၂-၂၀၂၁ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ၂၀၁၈ ခုနှစ်မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ်ရေးဆွဲပြီး ရေးဆွဲထားသည့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းဧရိယာနှင့် လုပ်ငန်းစဉ်များအပေါ် မူတည်၍ နှစ်စဉ်လုပ်ငန်းစီမံချက် (Action Plan) များရေးဆွဲလျက် လုပ်ငန်းစဉ် ၁၀ ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### အနာဂတ်မျှော်မှန်းချက်(Vision)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ နိုင်ငံတစ်ဝန်း တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန် (Fighting Corruption together for Public Prosperity) ဟူသော အပြုသဘောအယူအဆကို ကော်မရှင်၏အနာဂတ်မျှော်မှန်းချက် (Vision) အဖြစ် သတ်မှတ်ထားသည်။ မျိုးဆက်သစ်များအတွက် ရည်ရွယ်သော အဆိုပါ အနာဂတ်မျှော်မှန်းချက်ကို ရည်ညွှန်း၍ ကော်မရှင်၏ ဆောင်ပုဒ်ကို “အဂတိပယ်ခွာ ပြည်သာယာ (Remove Corruption, Promote Prosperity)” ဟူ၍ သတ်မှတ်ထားသည်။

### ရည်မှန်းချက်တာဝန် (Mission)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက် (၆) ချက်ကို ကော်မရှင်၏ ရေရှည်မဟာဗျူဟာ ရည်မှန်းချက်တာဝန်အဖြစ် ဦးတည်ချက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### မဟာဗျူဟာ ရည်မှန်းချက်များ (Objectives)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကာလကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒုတိယကာလတို လေးနှစ်တာကာလ သတ်မှတ်ထားသည်။ အဆိုပါ ကာလတိုအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုအခြေအနေများကို အောက်ပါအတိုင်း မဟာဗျူဟာရည်မှန်းချက်များ သတ်မှတ်၍ ထိရောက်စွာတိုက်ဖျက်သွားမည်ဖြစ်ပါသည်-

(က) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပေးအပ်လာသော လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရမည်၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လျှော့ချနိုင်ရမည်၊

(ဂ) အများပြည်သူဆိုင်ရာအဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာပျံ့နှံ့နေသော အဂတိလိုက်စားမှု (Systemic Corruption) ကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန် တိုက်ဖျက်ရမည်၊

(ဃ) ကမ္ဘာ့ဘဏ်မှထုတ်ပြန်သော ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်း (Worldwide Governance Indicators – WGI)တွင် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်း (Control of Corruption) ညွှန်းကိန်း သိသာထင်ရှားစွာ အဆင့်တိုးတက် လာစေရမည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးခြင်း

ကော်မရှင်သည် လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များမှအပ ကော်မရှင်၏လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ချက်များကို အများပြည်သူ လက်လှမ်းမီ သိရှိနိုင်စေရန်နှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ မြင့်မားတိုးတက်စေရန်အတွက် ကော်မရှင်၏ Website၊ Facebook Page နှင့် နိုင်ငံပိုင်သတင်းစာများတွင် သတင်း၊ ဆောင်းပါးများ အချိန်နှင့်တစ်ပြေးညီ ထည့်သွင်းဖော်ပြလျက်ရှိပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားများတွင်လည်း အသိပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်လျက်ရှိသည်။ ၎င်းအပြင် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှစ၍ **“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”** Facebook Page ကို ဖွင့်လှစ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Post များကို အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် တင်ပြလျက်ရှိသည်။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးကဏ္ဍကို ပိုမို တိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ကော်မရှင်သည် မဟာဗျူဟာစီမံချက်နှင့်အညီ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များ ပြုစု၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ရည်ညွှန်းစာစောင်များပါ သင်ခန်းစာများကို အခြေခံပညာအဆင့်နှင့် ပညာရေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲသင်ကြားလျက်ရှိသည်။ ၎င်းအပြင်UNODC ၏ (Education for Justice (E4J) Initiative University Module Series) မှ Anti-Corruption Module နှင့် Integrity & Ethics Module တို့ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဘာသာပြန်ဆိုပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့်နှင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များအဖြစ် ထုတ်ဝေခဲ့ပြီး ပညာရေးဝန်ကြီးဌာနအပါအဝင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများသို့ ဖြန့်ဝေနိုင်ခဲ့သည်။

၎င်းအပြင် **“မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများ၊ တက္ကသိုလ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး (Edu-tainment) အစီအစဉ်”**အဖြစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များတွင် အသိပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကော်မရှင်ရုံးခွဲများ တည်ရှိသည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များရှိ အခြေခံပညာကျောင်းများတွင် ကျယ်ပြန့်စွာအသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

### အသိပညာပေးပြခန်းနှင့် အသိပညာပေးစာစောင်များ ဖြန့်ဝေခြင်း

ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သည့်အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကိုလည်း ကော်မရှင်အနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) တွင် ကျင်းပခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသည့် အသိပညာပေးပြခန်းကိုလည်း ခင်းကျင်းပြသခဲ့သည်။

**အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများမှဖွင့်လှစ်သည့် သင်တန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများတွင် ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများနှင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတို့တွင်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေစာအုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။**

ကော်မရှင်အနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်း ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ အသိပညာပေးဆွေးနွေး ဟောပြောမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

စီးပွားရေးကဏ္ဍနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကြေညာစာတမ်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခြင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ကျင့်ဝတ်များ ရေးဆွဲလိုက်နာကြရန် ကော်မရှင်က အမိန့်ကြော်ငြာစာ ၁၄/၂၀၁၈ ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရန် အခြေခံခိုင်မာသောကျင့်ဝတ်များ ရေးဆွဲရာတွင် အခြေခံရမည့်အချက် (၈)ချက်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များ ဖွဲ့စည်းဆောင်ရွက်ခြင်း**

တားဆီးကာကွယ်ရေးကဏ္ဍအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နှင့်အညီ ပြည်သူတစ်ဦးချင်းအပေါ် သက်ရောက်နေသည့် အသေးစားအဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေးနေသည့် ဝန်ဆောင်မှုများကို ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များကို ၂၀၁၉ ခုနှစ် မတ်လတွင် ရှေ့ပြေးစီမံကိန်းအဖြစ် အစိုးရဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း ၁၄ ခုတွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၃၈ ခုတို့တွင် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင်လည်း CPU အဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းများ ပို့ချပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၁၉–၁–၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအတွက် မူဝါဒပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် CPU များ၏ လုပ်ငန်းတာဝန်သုံးရပ်ကို ချမှတ်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သည့် CPU များအတွက် နည်းပညာဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၉) တွင် လုပ်ငန်းအစီအစဉ် (၆) ရပ်ကို ချမှတ်နိုင်ခဲ့သည်။

**အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) များ တိုးချဲ့ဆောင်ရွက်ခြင်း**

လုပ်ငန်းအစီအစဉ် (၆) ရပ်ပါ ဆဋ္ဌမမြောက်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မှု အနေဖြင့် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုအောက်ရှိ ရုံးဌာနခွဲများ၌ ဝန်ဆောင်မှုရယူခဲ့သော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code “1111” အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုရယူ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပိုမိုပူးပေါင်းပါဝင်နိုင်ရေး နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် TV Spot ၊ Radio Spot ၊ Crawler တို့ဖြင့် ထုတ်လွှင့်လျက်ရှိသည်။

အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ Short Code “1111” ဖြင့် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ SMS ပေးပို့ မေးမြန်းလိုသော မေးခွန်းများကို ပွင့်လင်းမှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် ဌာနများအလိုက် ပြုပြင်ရန်လိုအပ်နေသည့် အားနည်းချက်များကို ပြုပြင်နိုင်ခြင်း၊ အသေးစားအဂတိလိုက်စားမှုများကို လျှော့ချနိုင်ခြင်း၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပြီး ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် **“အဂတိပယ်ခွာပြည်သာယာဖို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်ကို ပူးပေါင်းဆောင်ရွက်ကြပါစို့”** ဆောင်ပုဒ်နှင့်အညီ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) တွင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ပထမစက်ဝန်း (၂၀၁၀ – ၂၀၁၅) အတွက် မြန်မာနိုင်ငံ၏ ကွန်ဗင်းရှင်း အကောင် အထည်ဖော်ဆောင်မှုအပေါ် ထိုင်းနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့က သုံးသပ် ခဲ့ပြီး မြန်မာနိုင်ငံနှင့် တိုဂိုနိုင်ငံတို့က ကမ္ဘောဒီးယားနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ် သုံးသပ်ခဲ့သည်။ ပထမစက်ဝန်းအတွက် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အပေါ် သုံးသပ်မှုအစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြင်ဆင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း (၂၀၁၆–၂၀၂၀) အတွက် မြန်မာနိုင်ငံ၏ ကွန်ဗင်းရှင်းအကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် အီရတ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့က သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အိုင်ဗရီကို့စ်နိုင်ငံနှင့် ပူးပေါင်း၍ နိုင်ဂျီးရီးယားနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ် လည်းကောင်း၊ ကူဝိတ်နိုင်ငံနှင့်ပူးပေါင်း၍ ယူအေအီးနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ် လည်းကောင်း သုံးသပ်ခဲ့သည်။ ဒုတိယစက်ဝန်းအတွက် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် သုံးသပ်မှု အနှစ်ချုပ် အစီရင်ခံစာ ထွက်ပေါ်လာပြီဖြစ်ပြီး အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (South East Asia Parties Against Corruption–SEA–PAC) သို့ ၁၄–၁၁–၂၀၁၃ ရက်နေ့တွင် ဝင်ရောက်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အချိန်မှစ၍ နှစ်စဉ်ကျင်းပသည့် အဖွဲ့၏အကြီးအမှူး အစည်းအဝေးနှင့် ရုံးအဖွဲ့အစည်းအဝေးများသို့ ပါဝင်တက်ရောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အကြီးအမှူး အစည်းအဝေးနှင့် (၁၃) ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးတို့ကို မြန်မာနိုင်ငံ နေပြည်တော်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN–PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ IACA ၏ နိုင်ငံတကာအဖွဲ့အစည်းထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၃၁–၁၁–၂၀၁၉ ရက်တွင် ၇၉ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့သည်။ IACA မှကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများသို့ ပါဝင် တက်ရောက်လျက်ရှိပြီး ၇–၁၀–၂၀၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် IACA ၏ (၁၀) ကြိမ်မြောက် အဖွဲ့ဝင်ညီလာခံသို့ ကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၁၅–၁၀–၂၀၁၅ ရက်တွင် ဗီယက်နမ်နိုင်ငံ Government Inspectorate of Vietnam နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၁–၂–၂၀၁၇ ရက်တွင် ထိုင်းနိုင်ငံ National Anti–Corruption Commission(NACC) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၁၅–၁–၂၀၁၈ ရက်တွင် လာအိုနိုင်ငံ State Inspection and Anti–Corruption Authority (SIAA) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၃၀–၅–၂၀၁၈ ရက်နေ့တွင် ကိုရီးယားနိုင်ငံ Anti–Corruption and Civil Rights Commission (ACRC) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၃၀–၁၀–၂၀၁၉ ရက်တွင် ဒိန်းမတ်နိုင်ငံနှင့် စစ်တမ်းကောက်ယူခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ အခြား စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေးအတွက် Letter of Intent(LOI) လက်မှတ်ရေးထိုးခြင်းနှင့် ၇–၉–၂၀၂၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား Online မှ တစ်ဆင့် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ကော်မရှင်ရုံးနှင့် ရုံးခွဲများဖွင့်လှစ်ခြင်း**

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်နှင့်အညီ ၂၀၁၉ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ရန်ကုန်ရုံးခွဲနှင့် မန္တလေးရုံးခွဲကို လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မော်လမြိုင်ရုံးခွဲနှင့် တောင်ကြီးရုံးခွဲကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ၎င်းအပြင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်ရုံး၏ဖွဲ့စည်းပုံကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) အရ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှစ၍ ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၎င်းအပြင် ကော်မရှင်ရုံး(ရုံးချုပ်)အပါအဝင် ရုံးခွဲလေးခုတို့၌ အရာထမ်း ၂၂၅ နေရာ၊ အမှုထမ်း ၆၁၃ နေရာ စုစုပေါင်းရာထူး ၈၃၈ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သော ၂၀၁၄ ခုနှစ် ကော်မရှင်၏ ပထမသက်တမ်းမှ ယခု တတိယအကြိမ်သက်တမ်းအထိ အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးအရေးယူခြင်းများ ပြုလုပ်နိုင်ရေး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေးအစီအစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်များ ချမှတ်ခြင်း၊ ကော်မရှင်တွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ရေးဆွဲ ထုတ်ပြန်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ခြင်းနှင့် နည်းဥပဒေများရေးဆွဲခြင်း၊ တိုင်ကြားစာများအား စနစ်တကျ စိစစ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများတွင် ဖွဲ့စည်းထားသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်သည့် အဂတိလိုက်စားမှုကို စဉ်ဆက်မပြတ်တိုက်ဖျက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့်တတိယအကြိမ်ကော်မရှင်သက်တမ်းကာလတွင် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ပေးခြင်း၊ ရယူခြင်းဖြင့် ကျူးလွန်သည့် အဂတိလိုက်စားမှုများကိုသာမက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်၍ နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှု ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းဖြင့် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှုများကိုလည်း စုံစမ်းစစ်ဆေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်လျက်ရှိသည်။ ကော်မရှင်အနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်မှုမှာ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ ၆၄ ဦး၊ အဆင့်မြင့်အရာရှိ ၃၅ ဦး၊ အရာထမ်း ၇၃ ဦး၊ အမှုထမ်း ၇၃ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၉ ဦး၊ အခြား ပုဂ္ဂိုလ် ၂၈ ဦး စုစုပေါင်း ၂၉၂ ဦးကို အရေးယူနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

**ရှုမြင်သုံးသပ်ခြင်း**

အဂတိလိုက်စားမှုပြဿနာသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ရောက်ရှိနေပြီး နိုင်ငံများအားလုံး (ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ) တွင် အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းအတွက် မဟုတ်သည့် ကုသိုလ်ဖြစ်လှူတန်းရေးအဖွဲ့များတွင်ပါ အမြစ်တွယ်နိုင်ကြောင်း သတိပြုလာရပြီ ဖြစ်သည်။ အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်တွင် ယခင်ကာလများထက် ပိုမိုပတ်သက်ပါဝင်လာနေပြီဖြစ်ကြောင်းနှင့် အဂတိလိုက်စား ကိုယ်ကျိုးရှာအကျင့်ပျက်မှုများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်အဟန့်အတားဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် အဂတိလိုက်စားမှုပပျောက်ရေးလုပ်ငန်းတစ်ရပ်ကို ဦးစားပေးအစီအစဉ်အဖြစ် ပါဝင်သင့်ကြောင်း ရှုမြင်သုံးသပ်လာကြသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် တိုးတက်မှုရရှိစေရန် အဂတိလိုက်စားမှုကင်းစင်ရေးသည် အထူးအရေးကြီးသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပေါ်လစီမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေမူဘောင်ခိုင်မာရေးနှင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးတို့ကို အလေးထား၍ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူမှုမြင့်မားရေးတို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ရည်ညွှန်းကိုးကားသည့် စာအုပ်စာစောင်များ**

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ
- ကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ
- ကော်မရှင်၏ (၂၀၂၂–၂၀၂၅) မဟာဗျူဟာစီမံချက်

# တရုတ် - မြန်မာ နယ်စပ်ဂိတ်သုံးခုကို ယူနန်ပြည်နယ်၏ စမတ်နယ်စပ်ဂိတ်များအဖြစ် တည်ဆောက်လျက်ရှိ

**ရန်ကုန် မတ် ၁၀**

ယူနန်ပြည်နယ်၌ တရုတ်နိုင်ငံမှ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ အကျိုးပြုဗဟိုစင်တာကို အရှိန်အဟုန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ရေး အွန်လိုင်းသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်သည်။

"ယူနန်ပြည်နယ် စမတ်နယ်စပ်ဂိတ်များ တည်ဆောက်ရေး အလုံးစုံစီမံချက်" အရ တရုတ်-လာအိုနယ်စပ်ရှိ မောဟန်းနယ်စပ်ဂိတ်၊ တရုတ်-ဗီယက်နမ်နယ်စပ်ရှိ ဟော်ခိုနယ်စပ်ဂိတ်၊ တရုတ်-မြန်မာနယ်စပ်ရှိ ရွှေလီနယ်စပ်ဂိတ် (ဝမ်တိန်အပါအဝင်)၊ တရုတ်-မြန်မာနယ်စပ်ရှိ ထိန်ချုံး ဟုတ်ချောင်နယ်စပ်ဂိတ်၊ တရုတ်-မြန်မာနယ်စပ်ရှိ မိန်းတိန်ချင်းရွှေဟော်နယ်စပ်ဂိတ်တို့ကို ယူနန်ပြည်နယ် စမတ်နယ်စပ်ဂိတ်အဖြစ် တည်ဆောက်လျက်ရှိသည်။ စမတ်သိပ္ပံနည်းပညာဖြင့် စွမ်းဆောင်မှုပြုခြင်း၊ ခေတ်မီသော အဆောက်အအုံများ၊ ထိရောက်သော ကြီးကြပ်မှု၊ ပထမတန်းစား ဝန်ဆောင်မှုများနှင့် ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထား အာရုံစိုက်ကာ ယင်းနယ်စပ်ဂိတ်များ၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုနှင့် ပံ့ပိုးကူညီမှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှုတို့ကို တစိုက်မတ်မတ် မြှင့်တင်ဖော်ဆောင်မည်ဖြစ်သည်။

ယူနန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး ကော်မရှင်နှင့် ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာနတို့သည် ရင်းနှီးမြှုပ်နှံမှု ယွမ် ၃၆၉ သန်း စီစဉ်ကာ မောဟန်းနယ်စပ်ဂိတ်၊ ဟော်ခိုနယ်စပ်ဂိတ်နှင့် ရွှေလီနယ်စပ်ဂိတ်တို့၌ စမတ်နယ်စပ်ဂိတ် စီမံကိန်းသုံးခု တည်ဆောက်ရေးနှင့် ထိန်ချုံးဟုတ်ချောင် နယ်စပ်ဂိတ်နှင့် မိန်းတိန် ချင်းရွှေဟော်နယ်စပ်ဂိတ်တို့၌ စမတ်နယ်စပ်ဂိတ် စီမံကိန်းနှစ်ခုကို စတင်တည်ဆောက်ရေး အလေးထားဆောင်ရွက်ခဲ့ကြောင်း အွန်လိုင်းသတင်းစာရှင်းလင်းပွဲမှ သိရသည်။ **ကိုရိုး**



မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဝင်ရောက်မည့် ကုန်တင်ယာဉ်များကို ရွှေလီနယ်စပ်ဂိတ်၌ တွေ့ရစဉ်။

# ဂျပန်စွမ်းအင်ထိပ်သီးအစည်းအဝေး ၂၀၂၃ သို့ မြန်မာစီးပွားရေးကိုယ်စားလှယ်တက်ရောက်

**တိုကျို မတ် ၁၀**

(၅) ကြိမ်မြောက် ဂျပန်စွမ်းအင် ထိပ်သီးအစည်းအဝေးနှင့် ပြပွဲကြီးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ သုံးရက်တာကျင်းပခဲ့ရာ ကုန်သည်စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဇေယျသူရမွန် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅)ကြိမ်မြောက် ဂျပန်စွမ်းအင် ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတကာမှ စွမ်းအင်ထိန်းသိမ်းသူ ၂၀၀၀ ကျော် တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံ၏ ကမ္ဘာ့ပထမဆုံး ရေအားစီးပွားရေးအား ဖန်တီးနိုင်ရေးကို အာရုံစိုက်ထားခြင်း၊ စွမ်းအင်လုံခြုံရေးအတွက် LNG နှင့် ဓာတ်ငွေ့၏ အရေးပါမှု၊ ဟိုက်ဒရိုဂျင်နှင့် အမိုးနီးယားသို့ ပြောင်းရွှေ့ခြင်း၊ ကာဗွန်လျော့နည်းသော အဖြေများကို အသုံးချခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။




နိုင်ငံတကာ စွမ်းအင်အေဂျင်စီ (IEA)မှ ကိုယ်စားလှယ်က စွမ်းအင်အတွက် အရေးကြီးသည့် သင်ခန်းစာများ ဆွေးနွေးခြင်း၊ ဂျပန်စွမ်းအင် ပညာရှင်များက ဂျပန်နှင့် ကမ္ဘာတစ်ဝန်းတွင် သန့်ရှင်းသောရေနှင့် သန့်ရှင်းသော အမိုးနီးယားကို ထောက်ပံ့ပေးရေး၊ ဂျပန်စွမ်းအင်ဈေးကွက်တွင် မတူကွဲပြားမှုနှင့် ကိုယ်စားပြုမှုကို မြှင့်တင်နိုင်မည့် နောက်ဆုံးပေါ် ခေတ်ရေစီးကြောင်းများနှင့် အခွင့်အလမ်းများ ဆွေးနွေးခြင်းတို့ ပါဝင်သည်။

ဆွေးနွေးပွဲများ အပြီးတွင် တက်ရောက်လာသော နိုင်ငံတကာမှ စွမ်းအင်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ပြီး စီးပွားရေးဆက်ဆံမှုများ ပိုမိုတိုးပွားလာစေရန် ကွန်ရက်တည်ဆောက်ခဲ့ကြကြောင်း သိရသည်။

**ကိုရိုး**

## ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် Hadong ကမ္ဘာ့လက်ဖက်ပြပွဲသို့ မြန်မာနိုင်ငံ လုပ်ငန်းရှင်များပါဝင်ပြသနိုင်

**ရန်ကုန် မတ် ၁၀**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Hodong Sports Park ၌ ၂၀၂၃ မေ ၄ ရက်မှ ဇွန် ၄ ရက်အထိ ကျင်းပပြုလုပ်မည့် World Tea Expo 2023 Hadong သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားပြီး ပြပွဲပါဝင်ပြသရန်အတွက် ပြခန်းတစ်ခန်းကို အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် နိုင်ငံတကာမှ ကုမ္ပဏီ ၆၀ က ပြခန်း ၁၀၀ ဖြင့် ပါဝင်ပြသမည်ဖြစ်ပြီး လူဦးရေ တစ်သန်းကျော် လာရောက်ကြည့်ရှုနိုင်မည်ဟု ခန့်မှန်းထားကြသည်။ ပြခန်းပါဝင်ပြသခြင်းအားဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်တွေ့ဆုံနိုင်မည်ဖြစ်ပြီး ဆွေးနွေးပွဲများလည်း ပါဝင်ကြောင်း သိရသည်။

ပြပွဲသို့ ပါဝင်ပြသလိုသူများအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@mayntrade.gov.mm သို့ ပေးပို့နိုင်ပြီး ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သီရိ**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**မတ် ၂ ရက်မှ ၈ ရက်အတွင်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်၌ စားအုန်းဆီဈေး အကျကြမ်းလာသည်။ ကုလားပဲခြမ်းနှင့် ပဲစင်းငုံနီ ဈေးတက်လာသည်။ ဆန်ဈေးအေးနေဆဲရှိသည်။**

**ဆန်**

မတ် ၈ ရက်တွင် ရွှေသီးထပ်နှင့် နံ့ကားဆန်ကြမ်းအသစ် လက်ကားတစ်အိတ် ကျပ် ၅၁၀၀၀၊ ရက် ၉၀ ရွှေဆန်ကြမ်းတစ်အိတ် ကျပ် ၅၇၀၀၀၊ ဘိုကလေးပေါ်ဆန်းဆန်အသစ် တစ်အိတ် ကျပ် ၆၇၀၀၀၊ ဖျာပုံပေါ်ဆန်းဆန်အသစ် တစ်အိတ် ကျပ် ၇၀၀၀၀၊ မြောင်းမြပေါ်ဆန်းဆန်သစ်တစ်အိတ် ကျပ် ၇၃၀၀၀၊ မြောင်းမြပေါ်ဆန်းဆန် အဟောင်း တစ်အိတ် ကျပ် ၈၃၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်အသစ်တစ်အိတ် ကျပ် ၈၅၀၀၀ နှုန်း အသီးသီးရှိနေသည်။

**ဆီ**

မတ် ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာဈေးနှုန်းမှာ ယခင်အပတ်အတိုင်း ဈေးနှုန်း မပြောင်းဘဲ ကျပ် ၄၆၀၀ နှုန်းရှိနေသည်။ သို့သော် ယခင်အပတ်အတွင်း အလှယ်လက်ငင်း လက်ကားပီပါဈေး တစ်ပိဿာလျှင် ကျပ် ၇၄၀၀ နှုန်းရှိခဲ့ရာမှ မတ် ၆ ရက်တွင် ကျပ် ၆၅၀၀ နှုန်း၊ မတ် ၇ ရက်တွင် ကျပ် ၆၃၅၀၊ မတ် ၈ ရက်တွင် ကျပ် ၆၂၅၀ နှုန်းသို့ ဈေးနှုန်းအကျကြမ်းလာသည်။ တစ်ပတ်ဝန်းကျင်အတွင်း ရည်ညွှန်းဈေး မပြောင်းသော်လည်း အလှယ်ဈေးမှာ မြင့်တက်နေရာမှ တစ်ပိဿာကျပ် ၁၂၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းမှုရှိလာသည်။

**ပဲ**

မတ် ၈ ရက် ရန်ကုန်ပဲဈေးကွက်၌ မတ်ပဲ(RC)တစ်တန် ကျပ် ၁၈၇၉၀၀၀၊ (SQ/RC)တစ်တန် ကျပ် ၂၁၀၄၅၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၂၁၉၀၀၀၀၊ ပဲတီစိမ်းခရမ်းရွှေဝါထိပ်စ တစ်ပိဿာ ၃၉၁၅ ကျပ်၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၄၂၅၀/၄၆၀၀ နှုန်း ရှိနေသည်။

**ကြက်သွန်နီ**

မတ် ၈ ရက်က ရန်ကုန်ဘုရင့်နောင် ဈေးကွက်သို့ ကြက်သွန်နီ နယ်စုံမှ ပိဿာချိန် ၁၈၀၀၀၀ ဝင်ရောက်လာသည်။ ယင်းနေ့တွင် ဆိပ်ဖြူ(ပင်လေး) ကြက်သွန်နီလက်ကားတစ်ပိဿာ လတ်ချော ကျပ် ၁၀၀၀၊ လတ်သန့် ကျပ် ၁၁၅၀၊ လတ်ကြီးကျပ် ၁၁၅၀၊ ရှယ် ၁၁၂၅ ကျပ်နှုန်းရှိပြီး မြစ်သားကြက်သွန်နီလတ်ချော လက်ကား တစ်ပိဿာ ကျပ် ၁၃၅၀၊ ကြားစ ကျပ် ၁၇၀၀၊ ခါးစ ကျပ် ၁၇၅၀ ၊ ရှယ်စ ကျပ် ၁၅၅၀ နှုန်းရှိသည်ဟု သိရသည်။ ပခုက္ကူနယ်ဈေးကွက်အတွင်း မတ် ၈ ရက်တွင် ကြက်သွန်နီ ၂၁၁၆၈ ပိဿာ ဝင်ရောက်ပြီး ကြက်သွန်နီ လက်ကားတစ်ပိဿာ အမြင့်ဆုံးဈေးမှာ ကျပ် ၁၀၅၀ ဖြစ်သည်။ မန္တလေးဈေးကွက်၌ ကျောက်ဆည်ကြက်သွန်နီ အမြင့်ဆုံးဈေး တစ်ပိဿာ ကျပ် ၁၆၀၀ ရှိသည်။ မတ် ၈ ရက် မြင်းခြံဈေးကွက်သို့ နွေကြက်သွန်နီ(ပင်လေး)ကုန်ချိန် ၂၈၀၀၀ ဝင်ရောက်ပြီး တစ်ပိဿာ ကျပ် ၉၀၀ မှ ၁၁၀၀ အတွင်း၊ မိုးကြက်သွန်ပိဿာချိန် ၂၅၀၀ ဝင်ရောက်ပြီး တစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၉၅၀ အတွင်း ဈေးနှုန်းရှိသည်ဟု ယင်းဈေးကွက်မှ သိရသည်။

**ကြက်သွန်ဖြူ/ အာလူး/ ငရုတ်**

မတ် ၈ ရက်တွင် ရှမ်းအောင်ပန်းကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ထူး၂ ကျပ် ၃၃၀၀၊ ထူး၃ ကျပ် ၃၅၀၀၊ ထူး၄ ကျပ် ၃၇၀၀၊ ထူး၅ ကျပ် ၃၉၀၀ နှုန်းရှိပြီး ကြူကုတ်ကြက်သွန်ဖြူမှာ လက်ကားတစ်ပိဿာ ကျပ် ၃၆၀၀ နှုန်းရှိသည်။

မတ် ၈ ရက်တွင် ဆင်ဖြူကျွန်းအာလူး လက်ကားတစ်ပိဿာ လုံးလတ် ကျပ် ၁၂၀၀၊ ဆွဲသီး ကျပ် ၁၃၀၀၊ A1 ကျပ် ၁၄၀၀၊ OK ကျပ် ၁၅၀၀၊ S1 ကျပ် ၁၆၀၀၊ S2 ကျပ် ၁၃၀၀၊ S3 ကျပ် ၁၂၀၀ နှုန်းရှိသည်။ ပခုက္ကူအာလူး တစ်ပိဿာ ကျပ် ၂၀၅၀/၂၁၀၀ နှုန်း ရှိနေသည်။

မတ် ၈ ရက် ရန်ကုန်ငရုတ်ဈေးကွက်တွင် မြွားနီငရုတ်ရှည်လက်ကား တစ်ပိဿာကျပ် ၁၀၀၀၀၊ စလင်းနယ်ထွက် ပန်းရဲငရုတ်ရှည် ကျပ် ၁၁၀၀၀၊ ဟသ်ာတနယ်ထွက် ပန်းရဲငရုတ်ရှည် ကျပ် ၁၀၅၀၀၊ ဟသ်ာတ မိုးထောင် ကျပ် ၁၃၀၀၀၊ ရေလဲ(မအူပင်နယ်)ထွက် မိုးထောင် ကျပ် ၁၂၀၀၀၊ ပျော်ဘွယ်မိုးထောင် ကျပ် ၁၃၀၀၀၊ လေးအိမ်စုမိုးထောင် ကျပ် ၁၃၀၀၀၊ အညာခြွေမိုးထောင်တစ်ပိဿာ ကျပ် ၁၄၀၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွ ကျပ် ၁၄၅၀၀/၁၅၅၀၀ နှုန်း ရှိနေသည်။

**အောင်ခင်နိုင်**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်







ဒေသခံပြည်သူများ။

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များက ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ယနေ့တွင် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများကို ဆေးရုံရေယာဉ်ပေါ်၌ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာ များနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါ လူနာများကို မာန်အောင်မြို့နယ်ခန်းမသို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။

**ကျန်းမာရေးစောင့်ရှောက်**

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၆၈၇ ဦးကို မာန်အောင်မြို့နယ်ခန်းမ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

**ရောဂါရှာဖွေစမ်းသပ်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယနေ့တွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၉၄ ဦး၊ ခွဲစိတ်ရောဂါ ၁၀၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၇၅ ဦး၊ ကလေးရောဂါ ၆၈ ဦး၊ အရိုးရောဂါ ၃၀၂ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၁၂၅ ဦး၊ မျက်စိရောဂါ ၃၈၇ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၁၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၈ ဦး၊ ဓာတ်မှန်ရိုက်လူနာ ကိုးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၄၅ ဦး၊ ECG ဖြင့် နှလုံး စမ်းသပ်လူနာ ၉၀ နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ သုံးဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရသည်–

"ကျောကုန်းမှာ အဖုပေါက်နေတယ်။ ဒီမှာက သွားရေး၊ လာရေး နည်းနည်းခက်ခဲလို့ တပ်မတော်နယ်လှည့်ဆေးကုလာတယ်ဆိုတော့ အဆင်ပြေတယ်ဆိုပြီး လာပြတာပါ။ လာပြတော့လည်း အကုန်လုံးအဆင်ပြေပါတယ်။ ဒီက လူတွေမှာလည်း ရောဂါက နှလုံး၊ ကျောက်ကပ် အမျိုးမျိုးဖြစ်ကြတယ်။ ဒီမှာက အဲဒီလို ရောဂါမျိုးတွေအတွက် အထူးကုကလည်းမရှိ။ မရှိတော့ တစ်ခုခုဖြစ်လာပြီဆိုရင် ရန်ကုန်၊ တောင်ကုတ်၊ သံတွဲဘက်ကို သွားရတယ်။ ကျန်းမာရေးဌာနက လူတွေကလည်း ဝိုင်းဝန်းပံ့ပိုးကြတယ်။ ကိုယ်သွားချင်တဲ့၊ ရောက်ချင်တဲ့ ဌာနကိုသွားတယ်။ ဒီကဆရာကြီးတွေကလည်း အကုန်ဆေးစစ်ပေးပါတယ်။ ကိုယ့်ရောဂါအခြေအနေကို ကိုယ်သိတဲ့အခါ စိတ်ချမ်းသာရတယ်။ အခုလို လာရောက် ကုသပေးတဲ့အတွက်လည်း အလွန်ဝမ်းသာပါတယ်။ ဒီလိုမျိုး အခက်အခဲတွေကို အလွယ်တကူ ဖြေရှင်းနိုင်လို့ အလွန်ဝမ်းသာတယ်။ ကြည်နူးတယ်။ အခုလို တပ်မတော်က နယ်လှည့် ဆေးကုတာကိုလည်း ဖြစ်နိုင်ရင် ဒီနေရာကို ခဏခဏ လာစေချင်ပါတယ်။ နိုင်ငံတော် အကြီးအကဲကိုလည်း ခဏခဏ လွှတ်ပေးပါလို့ တောင်းဆိုချင်ပါတယ်။ ဒီလိုမျိုးအဆင်ပြေအောင် လာရောက်ကူညီပေးတဲ့ နိုင်ငံတော် အကြီးအကဲအား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးရန်ဝေးကွာပါစေလို့ ဆုတောင်းပေးပါတယ်။ ဒီထက်မကလည်း ပြည်သူတွေကို ကာကွယ် စောင့်ရှောက်နိုင်ပါစေလို့ မေတ္တာပို့ ဆုတောင်းလိုက်ပါတယ်။"

"ဒီက ကျန်းမာရေးဌာနမှာ တာဝန်ကျနေတဲ့ သားဖွားဆရာမပါ။ ဒီမာန်အောင်မြို့နယ်ရဲ့ ဒေသခံပါပဲ။ ဆရာတွေ လိုအပ်တဲ့ အရာတွေကို ကျွန်မတို့က ကူညီပြီး ပံ့ပိုးပေးပါတယ်။ အခုလို လာရောက်တဲ့အတွက် ကျွန်မတို့ အလွန်ပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ မာန်အောင်ကျွန်းက တခြားနေရာကိုသွားပြမယ်ဆိုရင် အလွန်အခက်အခဲရှိတယ်။ ပြီးတော့ မသွားနိုင်တဲ့သူလည်း အများကြီး ရှိတာပေါ့။ အဲဒီအချိန်မှာ ဒီလိုမျိုး လာပြီး ဆရာတို့က ဆေးကုပေးတော့ ဒေသခံတွေအတွက် အများကြီး အကျိုးထူးတွေ ရပါတယ်။ တခြားမရှိတဲ့သူတွေအတွက်လည်း အများကြီး အထောက်ကူပြုတယ်။ ကျန်းမာရေးကိစ္စအများကြီး ဆိုးဆိုးရွားရွား ဖြစ်တယ်ဆိုရင် ဒီမှာက သွားရလာရတာ အလွန်ခက်ခဲတယ်။ ပြီးတော့ ဒီမာန်အောင်မြို့ကနေပြီး တောင်ကုတ်တို့၊ သံတွဲမြို့တို့အထိ သွားရတာဆိုတော့ အလွန်ခက်ခဲတယ်။ အခုလို ကိုယ့်မြို့နယ်အတွင်းမှာ လာပြီးတော့ ဒီလိုမျိုးကုသဖို့အတွက်လာတယ်ဆိုတော့ ဒီက ဒေသခံတွေအနေနဲ့ အများကြီး အဆင်ပြေတယ်။ အလွန်အဆင်ပြေတယ်။ ပြီးတော့ ဒီကိုက လွယ်လင့်တကူ လာလို့ရတယ်။ ကိုယ့်နယ်မြေခံအတွင်းမှာ လာပြီးတော့ ဆေးကုသခွင့်တွေ ရတယ်ဆိုတော့ ပိုပြီးတော့ အဆင်ပြေတာပေါ့။ အခုလို လာရောက်ကုသပေးဖို့အတွက် လမ်းညွှန်မှုပေးတဲ့ နိုင်ငံတော် အကြီးအကဲနဲ့တကွ လာရောက်ကုသပေးတဲ့ ဆရာဝန်ကြီးတွေ၊ ပြီးတော့ ဆရာမကြီးတွေ၊ သူနာပြုတွေနဲ့ အခြားကျန်းမာရေးဝန်ထမ်းတွေ အကုန်လုံးကို ကျွန်မက ဒေသခံတွေရဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားချင်ပါတယ်။"

**သတင်းစဉ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ – ၃ – ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၅၃၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၅၉၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၂၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၁၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
